# နိုင်ငံတကာသတင်းများ

## မူးယစ်ဂိုဏ်းအချင်းချင်း ပစ်ခတ်တိုက်ခိုက်မှု မက္ကဆီကို၌ ၃၀၀၀ကျော် သေဆုံးခဲ့

**မက္ကဆီကို ဇန်နဝါရီ ၁၅**

မက္ကဆီကိုနိုင်ငံ၏ လုံခြုံရေးဌာနချုပ်က ဇန်နဝါရီ ၁၅ရက်တွင် ထုတ်ပြန်သော စာရင်းများတွင် သမ္မတ ဖိလစ်ကယ်ဒီရွန် ၂၀၀၆ခုနှစ်၌ အာဏာရပြီးနောက် မကြာမီမှာပင် မူးယစ်ဆေးဝါးရောင်းဝယ် လုပ်ကိုင်သူများအား ချေမှုန်းတိုက်ခိုက်သည့် စစ်ဆင်ရေးကို စတင်လုပ်ဆောင်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ကွပ်မျက်ခံရသူ ၃၀၉၁၃ဦး၊ မူးယစ်ဂိုဏ်းများအချင်းချင်း အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၁၅၃ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်ရသော တိုက်ပွဲတွင် သေဆုံးသူ ၅၄၆ဦးရှိခဲ့ကြောင်း၊ ၂၀၁၀ခုနှစ်တွင် သေဆုံးသူပေါင်း ၁၅၇၃ဦးရှိခဲ့ကြောင်း ဖော်ပြသည်။

### ပိုမိုများပြားလာ

မူးယစ်ဂိုဏ်းအချင်းချင်း ဖြစ်ပွားသည့် ပြင်းထန်သော တိုက်ပွဲများမှာ ၂၀၀၉ခုနှစ်ကထက် ၂၀၁၀ခုနှစ်တွင် အကြိမ်အရေအတွက် ပိုမိုများပြားခဲ့ကြောင်း သမ္မတ ကယ်ဒီရွန်က ပြောကြားခဲ့သည်။

### တိုက်ခိုက်မှုဖြစ်ပွား

သေဆုံးမှုများ၏ ထက်ဝက်ခန့်မှာ ရှီဟွာဟွာ၊ ဇီနာဟွာနှင့် တမော်လိုင်ပက်ပြည်နယ်များအပါအဝင် စုစုပေါင်း ပြည်နယ်အချို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းနေရာများသည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ မူးယစ်ဆေးသယ်ဆောင်ရာ လမ်းကြောင်းပေါ်တွင်ရှိပြီး မူးယစ်ဆေးဝါးမှောင်ခိုသမားများ အချင်းချင်းတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာများ ဖြစ်သည်။ **(အောက်ပုံ)**

**(အင်တာနက်)**

## တောင်ကိုရီးယား ကုန်တင်သင်္ဘောအပိုင်စီးခံရ

**ဆိုးလ် ဇန်နဝါရီ ၁၅**

အိန္ဒိယသမုဒ္ဒရာတွင် တောင်ကိုရီးယား ကုန်တင်သင်္ဘောတစ်စင်း ဇန်နဝါရီ ၁၅ ရက်က ပင်လယ်ဓားပြများ၏ အပိုင်စီးခြင်းကိုခံခဲ့ရကြောင်း တောင်ကိုရီးယား အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

၎င်းသင်္ဘောတွင် သင်္ဘောသား ၂၁ ဦး လိုက်ပါသွားပြီး အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဦးတည်ခုတ်မောင်းစဉ် အိန္ဒိယသမုဒ္ဒရာရေပြင်၌ ပင်လယ်ဓားပြများ၏ အပိုင်စီးခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

အဆိုပါသင်္ဘောသည် ဓာတုပစ္စည်းများ တင်ဆောင်လာသော သင်္ဘောဖြစ်ပြီး အိန္ဒိယကမ်းလွန်နှင့် အိုမန်နိုင်ငံကမ်းလွန်ရေပြင်ကိုဖြတ်သန်းစဉ် ဆိုမာလီ ပင်လယ်ဓားပြများ၏ အပိုင်စီးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

ယင်း ကုန်တင်သင်္ဘောသည် တောင်ကိုရီးယားနိုင်ငံမှ ဆမ်ဟိုသင်္ဘောလုပ်ငန်းပိုင် ကုန်တင်သင်္ဘောတစ်စင်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## အိန္ဒိယနိုင်ငံ၌ ဘတ်စ်ကားမြစ်ထဲထိုးကျ ၁၃ ဦးသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ်တွင် ဇန်နဝါရီ ၁၅ ရက်က မြစ်တစ်မြစ်အတွင်း ဘတ်စ်ကားတစ်စီး အရှိန်လွန်ထိုးကျခဲ့ရာ ၁၃ ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

### အရှိန်မထိန်းနိုင်

၎င်းဘတ်စ်ကားသည် ခရီးသည် ၂၁ ဦးကို တင်ဆောင်ကာ ဗာရာဏသီမြို့သို့ မောင်းနှင်လာစဉ် ကာလီခါအမ်ကျေးရွာအနီး၌ အရှိန်မထိန်းနိုင်ဘဲ မြစ်ထဲထိုးကျသွားခဲ့ခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## နှစ်လေးထောင်ခန့်က မြို့ဟောင်းနှစ်မြို့ တရုတ်၌ တွေ့ရှိ

**ကျန်ကျိုး ဇန်နဝါရီ ၁၅**

တရုတ်ရှေးဟောင်း သုတေသန ပညာရှင်များသည် တရုတ်နိုင်ငံ အလယ်ပိုင်း ဟေနန်ပြည်နယ်တွင် ရှေးဟောင်းမြို့ပျက်နှစ်ခုကို တူးဖော်တွေ့ရှိခဲ့သည်ဟု ဇန်နဝါရီ ၁၄ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

ယင်းမြို့ဟောင်းများသည် နှစ်ပေါင်းလေးထောင်ခန့် သက်တမ်းရှိကြောင်း ဟေနန်ပြည်နယ် ရှေးဟောင်း အမွေအနှစ်ထိန်းသိမ်းရေးဌာန၏ ဒုတိယ ညွှန်ကြားရေးမှူး မာရှောင်လင်က ပြောကြားသည်။ ၎င်းမြို့ဟောင်းများကို ရှာဖွေတွေ့ရှိခြင်းကြောင့် တရုတ်နိုင်ငံ ယဉ်ကျေးမှုအပြောင်းအလဲ၊ နိုင်ငံ၏ သမိုင်းကြောင်းနှင့် မြို့ပြများပေါ်ပေါက်လာပုံကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ၎င်းမြို့ဟောင်းနှစ်မြို့အနက် တစ်မြို့သည် ရှန်မင်းဆက်လက်ထက် (ဘီစီ ၂၁၀၀-၁၆၀၀)က မြို့တော်ဖြစ်နိုင်သည်ဟု ယူဆရသည်။ အခြားမြို့ဟောင်းသည် ရှန်မင်းဆက် (ဘီစီ ၁၆၀၀-၁၁၀၀) လက်ထက်က ခံတပ်မြို့ ဖြစ်နိုင်သည်ဟု ယူဆရသည်။ ၎င်းမြို့ဟောင်းတွင် စတုရန်းမီတာ ၂၀၀၀အထိ ရှည်လျားသော ခံတပ်တစ်ခုပါရှိသည်။ ၎င်းသည် တရုတ်နိုင်ငံ၏ ရှေးအကျဆုံး ကာကွယ်ရေးအဆောက်အအုံတစ်ခုဖြစ်သည်။ **(အင်တာနက်)**

---

**မြန်မာ့အလင်း** နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

## တရုတ်၌ ကုန်ပဒေသာဆိုင်မီးလောင်၊ ရှစ်ဦးသေဆုံး

**ကွမ်ကျိုး ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ကုန်ပဒေသာဆိုင် မီးလောင်ကျွမ်းမှုကြောင့် ရှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံ မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၅ရက်တွင် ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

မီးလောင်မှုမှာ ဇန်မူတိုမြို့နယ်အတွင်းရှိ ငါးထပ်အဆောက်အအုံ၏ ပထမထပ်တွင် ဖွင့်လှစ်သော ကုန်ပဒေသာဆိုင်မှစ၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

မီးလောင်ကျွမ်းမှုကြောင့် သုံးဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး ငါးဦးမှာ ဆေးရုံသို့ရောက်ရှိပြီးမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

၎င်းမီးသည် ဇန်နဝါရီ ၁၄ရက်ည ၁၁နာရီမှ စတင်လောင်ကျွမ်းခဲ့ပြီး ဇန်နဝါရီ ၁၅ရက် နံနက် ၂ နာရီခန့်ရောက်မှသာ မီးကို ငြိမ်းသတ်နိုင်ခဲ့သည်။ မီးသတ်သမားများက ၁၄ ဦးအား ကယ်ထုတ်နိုင်ခဲ့သည်။ ယမန်နေ့ ဇန်နဝါရီ ၁၄ရက် နံနက် ၁နာရီခန့်ကလည်း ယူနန်ပြည်နယ်ရှိ ဟိုတယ်တစ်လုံးမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၀ဦးရှိခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## နေတိုးလောင်စာဆီယာဉ် တိုက်ခိုက်ခံရ

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၅**

အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်ဖွဲ့များသို့ တင်ပို့သည့် လောင်စာဆီထောက်ပံ့ရေးယာဉ်တန်းမှာ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဇန်နဝါရီ ၁၅ရက်က တိုက်ခိုက်ခြင်း ခံခဲ့ရကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။ **(ယာပုံ)**

ပါကစ္စတန် အနောက်တောင်ပိုင်းကိုဖြတ်၍ မောင်းနှင်လာသည့် စီးရေ ၂၀ရှိ လောင်စာဆီယာဉ်တန်းသည် ဘလိုချီစတန်ပြည်နယ်အနီး လမ်းဘေးစားသောက်ဆိုင်တစ်ဆိုင်တွင် ရပ်နားနေစဉ် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခတ်ခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။

လောင်စာဆီယာဉ်ဆယ်စီး မီးလောင်ကျွမ်းခဲ့ပြီး အနီးရှိစားသောက်ဆိုင်နှင့် တာယာဆိုင်များကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်တွင်လည်း လက်နက်ကိုင်များသည် လောင်စာတင်ယာဉ်များကို တရစပ်ပစ်ခတ်နေခဲ့ကြောင်း ယာဉ်မောင်းများက ပြောကြားသည်။

**(အင်တာနက်)**

## ရုရှားတွင် ကော်ဖီဆိုင်၌ ကားဗုံးပေါက်ကွဲ

**မော်စကို ဇန်နဝါရီ ၁၅**

ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသ ခါဆာဗက်မြို့တွင် ဇန်နဝါရီ ၁၅ ရက်က ကော်ဖီဆိုင်တစ်ဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ရုရှားအရာရှိများက ပြောကြားသည်။**(ဝဲပုံ)**

အခင်းဖြစ်ပွားမှုမှာ ကော်ဖီဆိုင်၏ ကားရပ်နေရာတွင် ရပ်ထားသော လာဒါအမျိုးအစား မော်တော်ယာဉ်တစ်စီးပေါ်မှ ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးထားပြီး ကားဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

**(အင်တာနက်)**

# တရုတ်နိုင်ငံသံအမတ်ကြီးနှင့်ကိုရီးယားသမ္မတနိုင်ငံဧည့်သည်အဖွဲ့

## လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦးအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua သည် ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေး**

အလားတူ ဝန်ကြီးအား ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Goodel Trading Co., Ltd. ဥက္ကဋ္ဌ Mr. Park Yun Kun နှင့်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆုချီးမြှင့်

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစန်းကြည်က မြို့နယ် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ သတ္တမတန်း(က)မှ မောင်ဝေယံဝင်းထွဋ်အား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

# ကျိုက်မရောမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကျိုက်မရော ဇန်နဝါရီ ၁၅**

ကျိုက်မရောမြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က ရေတွင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၆) ဦးပိုင် အမှတ်(၈၁/၁) တောင်သူ ဦးမောင်စိန်၏ လယ်မြေဧရာမင်း စပါးမျိုးကောင်း စံကွက်၌ ကျင်းပရာ **(အောက်ပုံ)** တစ်ဧကအထွက်နှုန်း ၉၂ တင်းထွက်ရှိသည်။

**တက်ရောက်**

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရှင်းလင်းတင်ပြ

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွမ်တာကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ခင်းခြင်း ပြီးစီးမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ)ဦးအောင်ဇင်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# စာကြည့်တိုက်ဆောက်လုပ်ရန်

## ဖန်းမော်၌ ပန္နက်တင်

**ဖန်းမော် ဇန်နဝါရီ ၁၅**

ဖန်းမော်မြို့နယ် နန့်လှိုင်ကျေးရွာတွင် မိုးပွင့်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညွန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦး၊ မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာမှူး ဦးသိန်းသန်းထွန်း၊ မြို့နယ်စည်ပင် အငယ်တန်း အင်ဂျင်နီယာ ဦးထွန်းလတ်မောင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပေါလုနှင့် ရပ်မိ ရပ်ဖတို့က မင်္ဂလာအချိန်တွင် ပန္နက်ရိုက်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် ၂၄ပေ × ၁၆ပေ အရွယ်ရှိ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်း ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ ဆက်)**

# Polar နို့မှုန့်များ ဈေးကွက်၌ ဖြန့်ဖြူး

**ရန်ကုန် ဇန်နဝါရီ ၁၅**

နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်သည့် နို့မှုန့်များကို Lucky Bee Industry Co., Ltd. မှ တိုက်ရိုက် တင်သွင်းကာ ဈေးကွက်အတွင်း လွယ်လင့်တကူဝယ်ယူ စားသုံးနိုင်အောင် Polar အမှတ်တံဆိပ်ဖြင့် ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

Polar အမှတ်တံဆိပ်နို့မှုန့်မှာ သဘာဝနွားနို့ထဲကရေကို ဖယ်ထုတ်ကာ နို့ကို အရည်မှအမှုန့်ပြုလုပ်ထားခြင်းဖြစ်၍ နွားနို့စစ်စစ်အဖြစ် အာမခံကြောင်း၊ ရေဖယ်ထုတ်ထားသော နို့မှုန့်ကို Polar အမှတ်တံဆိပ်ဖြင့် Full Cream Milk Powder (Sugar Added) နှင့် Full Cream Milk Powder (Instant Fortified) ဟူ၍ နှစ်မျိုးနှစ်စား ထုတ်လုပ်ဖြန့်ချိလျက် ရှိကြောင်း သိရသည်။ Polar Full Cream Milk Powder (Sugar Added) ကို အသင့်သောက်သုံးနိုင်ရန် သန့်စင်ထားသော သကြားတစ်မျိုး တည်းသာ ရောစပ်၍ 20 gm အထုပ်ကလေးများဖြင့် ထုပ်ပိုးဖြန့်ချိလျက် ရှိကြောင်း၊ 20 gm တစ်ထုပ်ကို ရေနွေး သို့မဟုတ် ရေကျက်အေးတစ်ခွက်နှင့် ဖျော်ရုံဖြင့် အာဟာရကြွယ်ဝသော သဘာဝနွားနို့စစ်စစ်တစ်ခွက်ကို ရရှိပြီး ငွေကျပ် ၁၀၀ ဖြင့် လွယ်ကူစွာသောက်သုံးနိုင်ကြောင်း၊ နွားနို့ကိုရေဖယ်ထုတ်၍ အမှုန့်ပြုလုပ်ထားသဖြင့် ကြာရှည်ထားသို သောက်သုံးနိုင်ကြောင်း သိရသည်။

**စစ်ဆေးမှုခံယူထား**

Polar နို့မှုန့်သည် မလိုင်ပြည့် နို့မှုန့်ဖြစ်သဖြင့် ကလေး၊ လူငယ်၊ လူကြီးများ ကိုယ်ခန္ဓာ ကြီးထွားသန်စွမ်းစေရန်၊ အရိုးအဆစ်များ သန်မာစေရန်နှင့် ကုန်ခန်းသွားသော အားအင်များ ပြန်လည်ပြည့်ဖြိုးစေရန် နေ့စဉ် သောက်သုံးသင့်ကြောင်း၊ ဓာတုဗေဒပစ္စည်းများ မပါဝင်သည့်အပြင် ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စစ်ဆေးမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

Polar နို့မှုန့်နှင့်ပတ်သက်၍ စက်ရုံအမှတ် ၁၅၈ စက်မှု(၂)လမ်း ရွှေပြည်သာစက်မှုဇုန်(၁)နှင့် ရုံးချုပ် အမှတ် ၉၅ မြေညီထပ် ဗိုလ်ဆွန်ပက်လမ်း (မဟာဗန္ဓုလလမ်းအနီး) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၆၅၁၀ နှင့် ၂၅၂၈၁၂ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အာစရိယ ပူဇော်ကြမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

## အထက (သုံးဆယ်)

*သာယာဝတီမြို့နယ် သုံးဆယ်မြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများက အသက် (၆၀)ပြည့်ပြီး ဆရာ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂ ရက် (ပြည်ထောင်စုနေ့) စနေနေ့တွင် ကျောင်း၏ပီမိုးနင်းခန်းမ၌ မွန်းတည့် ၁၂ နာရီ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးမောင်နုစ် ဖုန်း-၀၁-၇၂၈၀၀၅၊ ဦးတင်မောင်ဝင်း ဖုန်း-၀၁-၃၈၇၅၂၂၊ သုံးဆယ်မြို့ ဦးကံသိမ်း ဖုန်း-၀၅၅-၃၀၁၂၂၊ ဦးနေဝင်း ဖုန်း-၀၅၅-၃၀၅၂၂၊ ဦးမြင့်ရွှေ ဖုန်း-၀၉-၅၃၁၂၂၅၃၊ ဦးသိန်းအောင် ဖုန်း- ၀၅၅-၃၁၁၁၄၊ ဦးမျိုးတင် ဖုန်း-၀၅၅-၃၀၅၀၈၊ ဦးလှထူး ဖုန်း-၀၅၅-၃၀၅၅၄၊ ဒေါ်လှလှမြင့် အထက (သုံးဆယ်) ဖုန်း-၀၅၅-၃၀၀၀၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။*

## ချောက်မြို့ အထက (၁)

*ချောက်မြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) (စနေနေ့) နံနက် ၈ နာရီတွင် ချောက်မြို့ လမ်းမတော်ရှိ တော်ဝင်နန်းခန်းမ (ယခင်မှန်နန်းရောင်ရုပ်ရှင်ရုံ)၌ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာ ဆရာမကြီး ၁၀၀တို့အား ပူဇော်ကန်တော့နိုင်ရန်အတွက် ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ်(SF-၃၂၈)ဦးချစ်နိုင် ဖုန်း-၀၁-၅၅၁၇၁၉၊ ဦးကြည်မိုးချစ် ဖုန်း-၀၉-၅၀၁၁၆၄၃၊ ဦးကိုကိုဝင်း ဖုန်း-၀၉-၅၁၇၁၄၈၃၊ ဒေါ်သန္တာဖုန်းဝင်း ဖုန်း-၀၂-၈၀၁၉၇၊ ဦးညဏ်သောင်း ဖုန်း-၀၆၁-၂၁၁၇၃၊ ဦးစိုးလွင် ဖုန်း-၀၉-၂၃၀၅၁၂၇နှင့် ဒေါ်ငွေးကြည် ဖုန်း- ၀၆၁-၂၁၂၃၆တို့ထံသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။*

## ဘူမိဗေဒ ကျောင်းသားဟောင်းများ (၁၉၈၁)

***ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်(၁၉၈၁)ခုနှစ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၏ နှစ်(၃၀)ပြည့် ပုလဲရတုနှင့်စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁၆၄/၁၆၈)ဝါးတန်းလမ်းရှိ Doreen Burger and Snacks၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန်နှင့်ဖိုးညီညီ ဖုန်း-၀၉- ၅၀၁၉၆၄၃၊ ဇော်ဝင်းဦး ဖုန်း-၀၉-၈၃၀၄၄၄၅၊ ဗလကြီး ဖုန်း-၀၉-၈၀၂၂၁၁၁၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ကိုညွန့် ဖုန်း-၀၁၇-၂၅၇၃၆၊ မော်စီ ဖုန်း-၀၉-၅၀၁၄၂၈၈၊ စောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဝင်းမောင် ဖုန်း-၀၉-၅၁၇၃၀၈၀၊ မျိုးညွန့် ဖုန်း-၀၉-၂၀၄၂၄၅၄၊ ကျော်ဝဏ္ဏ ဖုန်း-၀၉-၅၀၄၂၁၈၆ နှင့် ညဏ်မင်းဒင် ဖုန်း-၀၉-၅၁၈၂၆၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။***

## ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)

*ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယောဇနာရာပရိယတ္တိကျောင်းတိုက် မင်းလမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ရေတာရှည်မြို့နယ်သူ မြို့နယ်သားများ၏ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် သားသမီးများနှင့် အသက် ၇၅ နှစ်အထက် သက်ကြီးကန်တော့ခံ ဘိုးဘွားများသည် ဦးမောင်မောင်ကြည် ဖုန်း-၀၉-၉၀၄၂၄၇၁၊ ဦးနေဆန်း ဖုန်း-၃၈၄၄၂၁၊ ဦးကိုကိုလေး ဖုန်း-၀၉-၅၀၁၀၂၁၄၊ ဦးရဲမြင့် ဖုန်း-၇၀၆၇၂၂ နှင့် ဦးခင်မောင်သိန်း ဖုန်း-၀၉- ၅၁၁၉၄၁၇ တို့ထံသို့ ဇန်နဝါရီ ၂၇ ရက် နောက်ဆုံးထား၍ ဆက်သွယ် လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။*

## ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)

***ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဗဟန်း(၃)လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မရတနာဃရဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၀ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီးများနှင့်အသက်(၈၀)ပြည့်ပြီး သက်ကြီးအသင်းဝင်များသည် ဦးလှမြင့် ဖုန်း-၂၂၄၃၉၁၊ ဦးလှမြင့် ဖုန်း-၂၅၂၇၉၃၊ ဦးကျော်ရီ ဖုန်း-၅၄၁၈၂၃၊ ဦးကျော်သူ ဖုန်း-၂၂၃၆၃၃ နှင့် ဦးမြင့်သိန်း ဖုန်း-၂၁၀၉၉၁ တို့ထံသို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရှိရသည်။***

## ဇင်းကျိုက် အထက

*ပေါင်မြို့နယ် ဇင်းကျိုက်အထက၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၅၇-၄၉၁၆၉၊ ဦးစိန်အောင်ကြည် ဖုန်း-၀၁-၅၂၆၁၇၄၊ ၀၉-၈၆၂၄၃၅၈၊ ဦးမင်းချိုဝင်း ဖုန်း-၀၉-၅၁၃၈၈၅၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၅၇-၄၉၀၆၁၊ ဦးမင်းဘတင် ဖုန်း-၀၅၇-၄၉၀၇၀ နှင့် ဦးအောင်မင်းနိုင် ဖုန်း-၀၅၇-၄၉၁၄၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။* **(မြန်မာ့အလင်း)**

# မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးလုပ်ငန်း စွမ်းအင်ဝန်ကြီး ဦးလွန်းသိ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာအနီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CNPC, South East Asia Pipeline Company တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးသည်။** (ဝဲပုံ)

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တံတားသံပေါင်များ တပ်ဆင်ပြီးစီးမှု၊ ကုန်းတွင်းပိုင်း Bore Pile နှစ်ခုနှင့် ရေလယ် Bore Pile တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ Steel Structure များ ဆောင်ရွက်ထားရှိမှု၊ စက်ပစ္စည်းများရောက်ရှိမှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းတင်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်းရှိ ကုန်းတွင်းပိုင်း Bore Pile တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများ အသုံးပြု၍ ရေလယ်တွင်တည်ဆောက်နေသော Bore Pile ဆောက်လုပ်နေမှု၊ Steel Frame များ ဂဟေဆော်တပ်ဆင်ထားရှိမှုနှင့် Steel ပိုက်လုံးများသယ်ယူရောက်ရှိမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတားသည် ချဉ်းကပ်လမ်း အပါအဝင် တံတားအရှည် ၈၀၄ ပေရှိကာ မြစ်ရေမျက်နှာပြင်အထက် ၃၃ ပေအကွာထား၍ အပိုင်းသုံးပိုင်းခွဲပြီး ၂၀၁၁ခုနှစ် ဩဂုတ်လကုန် ပြီးစီးရေး ရည်မှန်းချက်ထား တည်ဆောက်နေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဂုဏ်ပြုဆုချီးမြှင့်

**ထန်းတပင်မြို့နယ် မြဂဲ အမက၏ ပညာရေးစုံညီပွဲတော်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ အဖ ဦးမျိုးညွန့်၏သမီး မချမ်းမြမေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်ဇာစိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

# ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေး မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေးတွင် ဈေးတာဝန်ခံ ဦးညွန့်ဝင်း၊ ဈေးစည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးမျိုးဝင်းတို့ ဦးဆောင်ပြီး ဈေးဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းလျက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရဲသွေးက အမှာစကားပြောကြားသည်။

### လက်တွေ့သရုပ်ပြ

ထို့နောက် မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်က

ဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်နှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသကြသည်။ **(အပေါ်ပုံ)**

**(မြို့နယ်စည်ပင်)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅)ရပ်ကွက် ပြည်ထောင်စုလမ်းမ အမှတ်(၁၀၅၅)နေ ဒေါ်အနု (၅၃)နှစ် (မင်းပြား)အား ရည်စူး၍ ဦးထွန်းလှခိုင် (သံတွဲမြို့နယ်တရားသူကြီး)နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူကြစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)



# အဆင့်မြင့်မြေတိုင်းသင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

CONCORDIA Int'l Co., Ltd. မှ လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း (၁၅/၂၀၁၁) ကို ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် ကုန်းကြောင်းသုံး GPS အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ၊ Mapsource Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံပြုလုပ်ခြင်းများကို စနစ်တကျ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယင်းသင်တန်းတွင် မြေတိုင်းတာခြင်းကို ခေတ်မီ Instrument များဖြစ်သော Total Station ဖြင့် လက်တွေ့တိုင်းတာခြင်း (Engineering Survey, Topographical Survey)၊ Topcon Link Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Civil CAD Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် GPS နှင့် မြေတိုင်းသင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ စတင်၍ သင်တန်းသားများ လက်ခံမည်ဖြစ်ပြီး အခြေခံပညာ အထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက နေပြည်တော်ရှိ CONCORDIA Int'l Co.,Ltd. အမှတ် ၁၄၄ Shopping Complex (သီရိရတနာ အဆင့်မြင့်ဈေး) ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂နှင့် ၀၉-၄၉၂၁၅၄၆၈ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

# စောင့်ကြည့်သတင်းဂျာနယ်ထွက်ရှိ

***ရန်ကုန် ဇန်နဝါရီ ၁၅***

*၆ပေ ၆လက်မရှိ ဧရာမရှားပါးလိပ်ကြီးတစ်ကောင် စစ်တွေကမ်းခြေတွင် တွေ့ရှိ၊ မြန်မာနိုင်ငံတွင် ကားထုတ်လုပ်ရန် ဂျပန်ကားကုမ္ပဏီ ၁၇ ခု မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးမည်၊ ကွမ်းပေါင်းထုပ်စား၍ သေသော်လည်း မန္တလေးလမ်းဘေးဆိုင်များ ကွမ်းပေါင်းထုပ်ရောင်းချဆဲ၊ မန္တလေးတွင် နိုင်ငံတကာအဆင့် ဘောလုံးကွင်းစတင်တည်ဆောက်၊ ကားအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်တော့မည်၊ စစ်တွေမြို့ ထူးခြားသည့် ရထားဆွဲပွဲ စည်စည်ကားကား ကျင်းပ၊ ၁၉၆၂ နောက်ပိုင်း မပြိုင်ခဲ့သည့် မြင်းပြိုင်ပွဲ ၂၀၁၃ ခုနှစ် ဆီးဂိမ်းတွင် ပြန်လည်ကျင်းပတော့မည်၊ စွမ်းရည်ဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း(SDF) က ဂီရိမုန်တိုင်းသင့်ဒေသ၌ အိမ်အလုံး ၆၀၀ ပြုပြင်တည်ဆောက်၊ စာနယ်ဇင်းသမားဖြစ်ချင်သူများအတွက် ဆရာဇဝန၏ သတင်းစာသုံး မြန်မာစာ၊ ဆရာပါရဂူပြောတဲ့ ပန်းချီဆရာအကြောင်း....၊ ၂၀၀၉ ခုနှစ် အကယ်ဒမီဆုရမည့်သူတွေ...၊ ကမ္ဘာသုံးအဆင့်မှ မေးမှိန်လာတဲ့ အင်္ဂလိပ်ဘာသာစကား၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ နိုင်ငံတကာအဆင့်မီ Shopping Mall တည်ဆောက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ဘောလုံးခြောက်သင်း တစ်ပြိုင်နက် ကစားနိုင်မည့် မြက်ခင်းတုပါဝင်သော ဖူဆယ်ဘောလုံးကွင်း တည်ဆောက်လျက်ရှိ၊ ထားဝယ် ရေနက်ဆိပ်ကမ်း သံမဏိစက်ရုံတည်ဆောက်မည်၊ မောင်သန်းဆွေ(ထားဝယ်)၏ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ တောင်ပိုင်းဆူဒန် လွတ်လပ်ရေးဆန္ဒခံယူပွဲ အိုဘားမား ကြိုဆို၊ တောင်ကိုရီးယားနှင့် ဂျပန် စစ်ရေးလက်တွဲမည်၊ အီရန်ခရီးသည်တင် လေယာဉ်တစ်စင်းပျက်ကျ စသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး စုံလင်စွာဖြင့်... News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ရှိပြီဖြစ်သည်။* ***(သတင်းစဉ်)***

# မြို့နယ်ပေါင်းစုံ လွန်ဆွဲပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ လွန်ဆွဲပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ကမာရွတ်မြို့နယ်အသင်းအား ကမာရွတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကလည်းကောင်း၊ တတိယဆုရ လှိုင်မြို့နယ်အသင်းအား ခရိုင်ပညာရေးမှူးကလည်းကောင်း၊ ဒုတိယဆုရ အလုံမြို့နယ်အသင်းအား ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရေးမှူး၏ ဇနီးကလည်းကောင်း၊ ပထမဆုရ ဒဂုံမြို့နယ်အသင်းအား ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က ငွေသားဆုနှင့် ပထမဆု အောင်နိုင်ရေးအလံတို့အားလည်းကောင်း ပေးအပ်ခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ကြည့်မြင်တိုင်မြို့နယ်အသင်းအား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးကလည်းကောင်း၊ တတိယဆုရ ပန်းဘဲတန်းမြို့နယ်အသင်းအား ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်ကလည်းကောင်း၊ ဒုတိယဆုရ ဒဂုံမြို့နယ်အသင်းအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်အေးကလည်းကောင်း၊ ပထမဆုရ အလုံမြို့နယ်အသင်းအား ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော် **(ဝဲပုံ)**ကလည်းကောင်း ငွေသားဆုနှင့် ပထမဆု အောင်နိုင်ရေးအလံတို့ကိုပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေလင်ပန်းစက်မှုဇုန်၌ ထရန်စဖော်မာများ ထုတ်လုပ်နေမှု ဝန်ကြီး ဦးခင်မောင်မြင့် သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန်　ဇန်နဝါရီ　၁၅**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Capital Power ထရန်စဖော်မာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း 66 / 1 KV (10MVA) ထရန်စဖော်မာများ တပ်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စက်ရုံအတွင်း ပစ္စည်းများထားသိုမှု၊ ထရန်စဖော်မာများ ပြန်လည်ပြင်ဆင်နေမှု၊ ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှုနှင့် ထရန်စဖော်မာများ တပ်ဆင်ပြီးစီးပါက Insulation များတွင် ကျန်ရှိနေသည့် ရေငွေ့များကို ဖယ်ရှားခြောက်သွေ့စေသည့် Computer Control Pressure Changed Vacuum Drying Equipment လည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား 132KV (50MVA) ထရန်စဖော်မာအထိ စမ်းသပ်နိုင်သော (Test Banch) Computer Control Testing Equipment တပ်ဆင်စမ်းသပ်နေမှု အခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုင်းပျဉ်းမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**မိုင်းပျဉ်း　ဇန်နဝါရီ　၁၅**

မိုင်းပျဉ်းမြို့နယ် ဝမ်ကတ်ကျေးရွာတွင် လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာစာကြည့်တိုက်အဆောက်အအုံသစ်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ကျိုင်းတုံခရိုင်ဦးစီးအရာရှိ ဦးခမ်လျှန်ဆုမ်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လက်ခံယူ**

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌက စာအုပ် စာစောင် အုပ်ရေ ၅၀ ကို လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျှန်ဆုမ်းက စာအုပ်စာစောင် အုပ်ရေ ၅၀ ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးကျ၂ လက်မတီဗွီတစ်လုံးကို လည်းကောင်း၊ စီဒီကုမ္ပဏီမှ ဗီရိုတစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းအောင်သန်းနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စစ်မှုထမ်းဟောင်းများနှင့် ထူးချွန်ဆုရရှိသူများအား သဃ်န်းကျွန်း၌ ထောက်ပံ့ငွေပေးအပ်

**ရန်ကုန်　ဇန်နဝါရီ　၁၅**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ အသက် (၇၅)နှစ်ပြည့် အဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင် (ငြိမ်း)က အမှာစကားပြောကြားသည်။

ထို့နောက် အသက် (၇၅)နှစ်ပြည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၀ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး သုံးဘာသာထူးချွန်ဆုရ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးသန်းနိုင် (ငြိမ်း)၏ သမီး မယွန်းရတီနိုင် **(အောက်ပုံ)**အပါအဝင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ လေးဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင် (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးတင်ယု (ငြိမ်း)နှင့်အဖွဲ့ဝင်များက ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၁၂၁)**



# မိုးစပါးအထွက်နှုန်း မှန်ကန်ရေး ကလေးမြို့နယ်၌ စံကွက်ရိတ်သိမ်း

**ကလေး　ဇန်နဝါရီ　၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် အောင်သစ္စာရပ်ကွက် ကွင်းအမှတ် (၆၆/ခ/၄)၊ ဦးပိုင်အမှတ် (၁၃) တောင်သူဦးမောင်စံ၏ ရွှေဘို(၁) စပါးမျိုးစိုက်ပျိုးထားသောလယ်မြေ၌ ဒီဇင်ဘာ ၂၃ ရက်က မိုးစပါးအထွက်နှုန်း မှန်ကန်ရေးစံကွက်ရိတ်သိမ်းရာ ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်း၊ ခရိုင်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှူး ဦးတင်ဝင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ညွှန့်၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှူး ဦးမြအေး၊ကလေးမြို့နယ်ဥက္ကဋ္ဌ ဦးလင်းထင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်၊ မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးအောင်ကျော်စိုး၊ မြို့နယ်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးဇော်ဇော်လွင်၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဝင်းထိန်၊ စီမံကိန်း ဒုတိယဦးစီးမှူး ဦးနိုင်နိုင်ထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

**ထွက်ရှိ**

ထိုသို့ ရိတ်သိမ်းရာတွင် အဆိုပါ စံကွက်မှ (ကောင်း) အဆင့် ရွှေဘို (၁)စပါးမျိုး ၃ဒသမ ၁၅ဧက စိုက်ပျိုးထားရာ ခြောက်သွေ့ပြီး အထွက်နှုန်း တစ်ဧက ပျမ်းမျှ ၁၀၈ ဒသမ ၂၆တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

# TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန်　ဇန်နဝါရီ　၁၅**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၁၈)ကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ Damage, Reign of Fire, Shanghai, Attack Force, The 6th Day, Safe House, The Replacement Killers, When In Rome, Glitter, My One And Only, Bats; Human Harvest, Lies & Illusion, Alien Hunter စသည့် ဇာတ်ကားကောင်းများအား ကြည့်ရမည့်အပြင် (၈၃)ကြိမ်မြောက် အော်စကာဆုပေးပွဲကြီး၏ ဆန်ခါတင်ရွေးချယ်ပွဲကို ကြည့်ရမည့်အစီအစဉ်၊ Star World ရုပ်သံလိုင်းတွင် တစ်နှစ်တာ၏ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်ပေးမည့် 2011 Golden Globe Awards ကို တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်၊ ဂီတချစ်ပရိသတ်များအတွက် Channel V ရုပ်သံလိုင်း၏ အစီအစဉ်ကောင်းများ၊ TLC ရုပ်သံလိုင်းတွင် အလှမယ်များ၏ ကိုယ်ဝန်ဆောင်မှုများအကြောင်း ကြည့်ရမည့် Runway Moms Special အစီအစဉ်နှင့် ကလေးငယ်များ၏ ငယ်စဉ်ဘဝလေ့လာသင်ယူမှုများအား ပြသမည့် Getting in Kindergarten အစီအစဉ်၊ အီဂျစ်ဘုရင်မ Hatshepsyt ၏ ပျောက်ဆုံးမှုအား ပြသမည့် Secrets of Egypt's Lost Queen အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့်စိတ်ဝင်စားဖွယ်အစီအစဉ်ကောင်းများ၊ အစီအစဉ်အားလုံးကို မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် Megacities, Lock Down, Is It Real, Second Form Disaster, Lonely Planet စသည့် အစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် တောင်အာဖရိက ခြင်္သေ့ဖြူများအကြောင်းကြည့်ရမည့် The Lion Ranger အစီအစဉ်နှင့် ခက်ခဲလှသည့် ငါးမန်းဖမ်းဆီးမှုများအား ပြသမည့် Shark Men; Dead Zone အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် ဘောလုံးပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များနှင့် Australia Open Tennis Championship ပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့်မည့်အစီအစဉ်၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် (၅၈)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲအစီအစဉ်နှင့် မင်းအတွက်ဆိုရင် ကိုရီးယားဇာတ်လမ်းတွဲသစ်ကို ပြသမည့် အစီအစဉ်၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆တို့ထံသို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

**ဖဲကြိုးဖြတ်ဖွင့်**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၃၉၆၀ × အကျယ် ၁၂ပေရှိ စလင်း - ထူးပေါက်ကျေးလက်မြေနီကျောက်စရစ် လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှထွန်း၊ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် ထူးပေါက်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာဒေါ်မူယာဆွေနှင့်အဖွဲ့ သီရိလမ်း ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

**အိုးသည်ကုန်း အထက အာစရိယပူဇော်မည်**

*ရန်ကုန်　ဇန်နဝါရီ　၁၅*

*ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း အိုးသည်ကုန်းမြို့ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါကျောင်း သပြေညီုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို အိုးသည်ကုန်းမြို့မှ ဦးအေးကို ဖုန်း-၀၉-၅၃၇၃၂၇၉၊ ရန်ကုန်မြို့မှ ဦးခင်ဇော် ဖုန်း-၀၉-၈၆၂၀၉၁၆နှင့် ဦးမြသန်း ဖုန်း-၀၁-၇၃၀-၇၇၆၁၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ ဇန်နဝါရီ ၂၃ ရက် နံနက် ၄ နာရီခွဲတွင် မြေနီကုန်း ရတနာပုံ ရုပ်ရှင်ရုံရှေ့မှ ကားထွက်မည်ဖြစ်ကြောင်း သိရှိရသည်။* *(မြန်မာ့အလင်း)*

● **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များသည် ကတ္တရာလမ်းပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

**တာဝန်ယူဆောင်ရွက်**

ယခုဖွင့်လှစ်သည့် ကတ္တရာလမ်းသည် နေပြည်တော်-တောင်ညို - ချောင်းနက်-တောင်တွင်းကြီးလမ်း (ငန်းစပ်- ကျွဲရှင်းအပိုင်း) မိုင်တိုင် (၁၂/၀) မှ (၁၇/၄) အထိ ၅မိုင် ၄ဖာလုံ အရှည်ရှိပြီး ယခင်က ၁၂ ပေအကျယ် လမ်းအဆင့်သာရှိခဲ့ရာမှ အဆိုပါလမ်းအား အကျယ် ၄၈ ပေ လေးလမ်းသွား ကတ္တရာလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကျွဲရှင်းတံတားဖွင့်ပွဲအခမ်းအနားကို မိုင်တိုင်အမှတ် (၁၇/၄)ရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ရင်းရင်းနှီးနှီး**

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်းတို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ကျွဲရှင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

**၁၄ စင်းမြောက်တံတား**

ကျွဲရှင်းတံတား အမျိုးအစားမှာ အပေါ်ထည် သံပေါင်ရက်မကွန်ကရစ် ကြမ်းခင်းတို့ဖြစ်ပြီး အောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည် ပေ ၁၈၀၊ ယာဉ်သွားလမ်း အကျယ် ၄၈ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၅ပေစီပါရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာတန် ၆၀ ဖြစ်သည်။ ယခုဖွင့်လှစ်သည့် ကျွဲရှင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် တံတား ၂၅၂ စင်းမြောက်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အနေဖြင့် ၁၄စင်းမြောက်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ကျွဲရှင်းတံတားကို ဖွင့်လှစ်ပေးသည့်အတွက် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းနှင့် အသစ်ဖောက်လုပ်လျက်ရှိသည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းများမှ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှ တစ်ဆင့် ဒေသထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ တွင်လည်း အဘက်ဘက်မှ ပိုမို ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း(ငန်းစပ်- ကျွဲရှင်းအပိုင်း)လေးလမ်းသွား ကတ္တရာလမ်း လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ **အသက်ကလေးရယ်တဲ့ရှည်စေလို**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၈)
- ၁၂:၃၀ ၅။ Golf Magazine (TV)
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **ခုနစ်စဉ်အလွမ်း** သုမောင်၊ခင်သန်းနု၊ စုလှိုင်နှင်း (ဒါရိုက်တာ-မောင်ဝဏ္ဏ)
- ၁၄:၅၀ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃:၄၅ ၁။ **Myanmar National League MNL Cup (2011)** ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ဆောက်သမ်းမြန်မာအသင်းနှင့် ဉဿဘယူနိုက်တက်အသင်း
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၆)
- ၆:၄၀ ၆။ **တစ်မျက်နှာ၊ တစ်ကွက်စာ** မိုးထက်ပိုင်၊ သီရိရှင်းသန့်၊ ရွှန်းရွှန်း၊ဒေါ်နွဲ့နွဲ့စန်း (ဒါရိုက်တာ-လင်းထွဋ်မောင်)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၅)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၂)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၂၈) (ဇာတ်သိမ်းပိုင်း)
- ၁၃။ အစီအစဉ်ပြီး၏။

# မြောက်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၅**

**ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဇန်နဝါရီ ၁၆ရက်ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့်သာယာမည်။

# ပုဆိန်တံဆိပ်လေဆေးဆီ ပြသရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၄ရက်မှ ၁၈ရက်အထိ ကြီးမှူးကျင်းပလျက်ရှိသည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲတွင် Golden Palace Enterprises Limited မှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိသော ပုဆိန်တံဆိပ်လေဆေးဆီ ပါဝင်ပြသရောင်းချလျက်ရှိသည်။

**ထိရောက်မှုရှိ**

ပုဆိန်တံဆိပ်လေဆေးဆီအား သဘာဝ ဆေးပင်များဖြစ်သည့် ယူကလစ်၊ မင်သော်၊ ပရုတ်တို့ကို အဓိကထားပြီး သိပ္ပံနည်းကျစွာ ဖော်စပ်ထားသည့်အတွက် အရည်အသွေးနှင့်အာနိသင် အထူးကောင်းမွန်ကြောင်း၊ ပုဆိန်တံဆိပ် လေဆေးဆီသည် နှစ်ပေါင်း ၈၀နီးပါး ကမ္ဘာ့အဝန်း ကျော်ကြားပြီးဖြစ်ကြောင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခရီးပန်းမူးမော်အော့အန်ခြင်း၊ အအေးမိ နှာစေးခြင်း၊ ဗိုက်ရစ်အော့အန်ခြင်း၊ အရိုးအကြောအဆစ်အမျက်ကိုက်ခဲခြင်း၊ ပိုးမွှားကိုက်ခြင်း၊ ခြင်ကိုက်ခြင်းတို့အတွက် လိမ်းလျှင်လိမ်း၊ ရှူလျှင်ရှူ သုံးစွဲနိုင်ကြောင်း၊ ဆေးအရည်ဖြစ်သည့်အတွက် ပရုတ်ဆီကဲ့သို့ ဆီပေကျံခြင်းမရှိဘဲ ဆေးအနည်းငယ်သုံးရုံဖြင့် အာနိသင်ထိရောက်မှုရှိကြောင်း သိရသည်။

**ချိန်ခါမရွေးသုံးဝင်**

အိမ်တိုင်းမှာ ရှိသင့်သည့်ဆေးတစ်လက်ဖြစ်ပြီး ကလေးများတွင် ဖြစ်တတ်သော ဗိုက်ရစ်ဗိုက်နာခြင်း၊ နှာရည်ယိုနှာစေးခြင်း၊ အပြင်ထွက်အလုပ်လုပ်ရသော လူငယ်ပိုင်းတွင် အဖြစ်များသည့် ခေါင်းမူးခေါင်းကိုက်ခြင်း၊ အမျိုးသမီးများတွင် အဖြစ်များသော ဇက်ကြောတက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ လူကြီးများနှင့် တောင်သူ လယ်သမားများတွင် အဖြစ်များသော အရိုးအကြော၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ ဒူးနာခြင်းတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အတွက် အိမ်တိုင်းဆောင်ထားသင့်သည့် အရွယ်သုံးပါးမရွေး ချိန်ခါမရွေးသုံးဝင်သည့် ပုဆိန်တံဆိပ် လေဆေးဆီဖြစ်ကြောင်း သိရှိရသည်။

**ဝယ်ယူရရှိ**

ပုဆိန်တံဆိပ်လေဆေးဆီအပြင် ပုဆိန်ပန်းနီဆီ၊ ပုဆိန်ရှူဆေးတောင့်တို့ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လက်လီလက်ကားဝယ်ယူလိုပါက Golden Palace Enterprises Limited အမှတ် (၃၂) လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၇၉၁၄၊ ၀၉-၉၉၂၃၀၀၄နှင့် မန္တလေး ဖုန်း-၀၂-၉၁၀၃၆၄၁၇နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်၊ စတိုးဆိုင်နှင့် တိုင်းရင်းဆေးဆိုင်တိုင်း၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

**လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းတောကြီး-ထုံးပေါက်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# မော်လိုက်စည်ပင် တံတားတည်ဆောက်

**မော်လိုက် ဇန်နဝါရီ ၁၅**

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သာနန်းတော-မန်နွဲကျေးရွာချင်းဆက် လမ်းပေါ်၌ သစ်သားတံတား တည်ဆောက်ခြင်းကို အငယ်တန်း အင်ဂျင်နီယာ (၂) ဦးကျော်ကျော်ခိုင် ကြီးကြပ်ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

# မြဝတီရုပ်မြင်သံကြား

**၁၆-၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံ မှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၂)
- ၁၁:၂၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျောက်ဆုံးသွားသော အမှတ်တရများ**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၂၅)

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၈။ သီဆိုဖျော်ဖြေတစ်ကိုယ်တော်
- ၄:၄၀ ၉။ မြန်မာ့ရှုခင်း
- ၄:၄၅ ၁၀။ ကြိုတင်တားဆီးရန်သူမီး
- ၄:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၂၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ ဘဝကြေးမုံ **ဈေးဦးပေါက်** ပိုင်သိခ်၊ ဟန်လေး (ဒါရိုက်တာ-ဆဲဗင်းအိုင်စီ)
- ၆:၅၀ ၁၆။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိပ်မက်ကောင်းကင်** (အပိုင်း-၂၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ လျှပ်တစ်ပြက်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၁)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၅)

*✻ ကျောဖုံးမှ*

ကတော့ ၂၀၀၉ခုနှစ်အတွင်း ကားအများဆုံးပါဝင်သရုပ် ဆောင်ထားကြသလို အကယ်ဒမီဆုကို မှန်းနိုင်ကြသူတွေလည်း ဖြစ်ပါတယ်။

၂၀၀၉ခုနှစ်အတွင်းမှာ ရုံတင်ပြသခဲ့တဲ့ရုပ်ရှင်ဇာတ်ကား ၁၆ကားကတော့ **ဟော့ရှော့(၂)၊ ယောက္ခမနှင့်တစ်ထောင့်တစ်ည၊ အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ၊ ချစ်လို့စတာ၊ ဇော်က ကနေသည်၊ ချစ်ကံပွင့်နှင့် မချောလေးဆယ်၊ သူငယ်ချင်းယောက္ခမ၊ မာမီရှိန်း၊ ပင်လယ်ကိုဖြတ်၍၊ ရှော့ရှိတဲ့အချစ်များ၊ အတည်ပေါက် နောက်တဲ့လူ၊ ဝါဆိုဖယောင်းတိုင်၊ မိုးညအိပ်မက်မြူ၊ ကျောက်စက်ရေ၊ အတိတ်၏အရိပ်နဲ့ ကြိုးကြာတောင်ပံခတ်သံ** ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။

၂၀၀၉ခုနှစ်မှာ ရုပ်ရှင်ဇာတ်ကားအများဆုံးရိုက်ကူးခဲ့တဲ့ အမျိုးသားသရုပ်ဆောင်ကတော့ နေတိုးဖြစ်ပြီး စုစုပေါင်း ခြောက်ကားဖြစ်ပါတယ်။ အမျိုးသမီး သရုပ်ဆောင်တွေထဲမှာ အိန္ဒြာကျော်ဇင်က ကိုးကားနဲ့ အများဆုံးရိုက်ကူးထားပါတယ်။

ဒါကြောင့်မို့ ဇာတ်ကားအများဆုံး ပါဝင်သရုပ်ဆောင်ထားတဲ့ နေတိုးရှိရာ ရန်ကုန်မြို့ ရန်ကင်း စင်တာပထမထပ်မှာရှိတဲ့ ရိုက်ကွင်းကို မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်ပြီး နေတိုးနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ **"ကလင်‥ကလင်"** လို့ အမည်ပေးထားတဲ့ ဗီဒီယိုဇာတ်ကားဇာတ်ဝင်ခန်းတစ်ခန်းကို သဘာဝကျစွာ သရုပ်ဆောင်ရိုက်ကူးနေတဲ့ နေတိုးကို သူ့ရဲ့ ခေတ္တနားချိန်မှာ ဒီနှစ် ရုပ်ရှင်အကယ်ဒမီဆုနဲ့ပတ်သက်ပြီး မေးမြန်းတဲ့ အခါ -

**မေး။ ။ ၂၀၀၉ခုနှစ်ထဲမှာ ရုပ်ရှင်ကား ဘယ်နကား ရိုက်ခဲ့ပါသလဲ။**

ဖြေ ။ ။ ရှစ်ကား ရိုက်ခဲ့ပါတယ်၊ အကယ်ဒမီ ဆန်ခါတင်စာရင်းဝင်ကတော့ ခြောက်ကားရှိပါတယ်။

**မေး။ ။ ဘယ်ဇာတ်ကားတွေကို အကြိုက်ဆုံးလဲဗျ။**

ဖြေ ။ ။ ဇာတ်ကားအားလုံးကတော့ သူ့ဟာနဲ့သူ ကောင်းတာချည်းပါပဲ။ အဲဒီကားတွေထဲမှာ စိတ်တိုင်းကျတဲ့ ဇာတ်ကားတွေကတော့ ယောက္ခမနှင့် တစ်ထောင့်တစ်ည၊ ချစ်လို့စတာ၊ ဇော်က ကနေသည်၊ မာမီရှိန်းနဲ့ မိုးညအိပ်မက်မြူ ဆိုတဲ့ ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။

**မေး။ ။ ဒီဇာတ်ကားတွေရဲ့ ကာရိုက်တာလေးတွေကို ပြောပြပေးပါဦး။**

ဖြေ ။ ။ ဇော်က ကနေသည်ကတော့ ရှင်းပါတယ်။ One Way ပေါ့။ ဆင်းရဲသားလူတန်းစားကို အခြေခံထားပြီး မြန်မာ့ရိုးရာအကဖြစ်တဲ့ ဇော်ဂျီအကကို ချစ်မြတ်နိုး တန်ဖိုးထားတတ်ပုံ၊ ဒီအကနဲ့ပဲ သူ့ဘဝအသက်မွေးဝမ်းကျောင်းပြုရပုံစတဲ့ကာရိုက်တာတွေကိုတွေ့ရမှာဖြစ်ပါတယ်။

**မေး။ ။ မာမီရှိန်း ဇာတ်ကားရဲ့ ကျောရိုးကရော ဘယ်လိုပါလဲခင်ဗျာ။**

ဖြေ။ ။ သူကတော့ မေတ္တာဘွဲ့ပါ။ မအောင်မြင်သေးတဲ့ မင်းသားပေါက်စ တစ်ယောက် သူဌေးသမီးနဲ့ အိမ်ထောင်ကျပြီး အဆင်မပြေဖြစ်နေပုံ၊ နောက်ဆုံး သမီးသံယောဇဉ်နဲ့ မိန်းမတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။

**မေး။ ။ မိုးညအိပ်မက်မြူ ဇာတ်ကားရဲ့ အကျဉ်းချုပ်လေး ပြောပြပေးပါ။**

ဖြေ ။ ။ ဒီဇာတ်ကားက သာမန်အိုက်တင်နဲ့ သရုပ်ဆောင်ထားတာ မဟုတ်ပါဘူး။ ကာရိုက်တာ သုံးမျိုးနဲ့ သရုပ်ဆောင်ထားပါတယ်။ စိတ်ဝေဒနာရှင် တစ်ဦးအဖြစ်လည်း သရုပ်ဆောင်ထားပါတယ်။ ဒီကားကတော့ ပရိသတ်အတော်များများက အကယ်ဒမီရနိုင်တယ်လို့ တစ်ပေးထားပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီဇာတ်ကားမှာ သရုပ်ဆောင်ရတာ အားရကျေနပ်မှုရှိပါတယ်။

**မေး ။ ။ ခု ဘာဇာတ်ကားတွေ ရိုက်နေပါသလဲ။**

ဖြေ ။ ။ ကလင် ကလင်လို့ အမည်ရတဲ့ ကားပါ။ လွန်းထားထားရဲ့ ဝတ္ထုကို အခြေခံထားပါတယ်။ ဒါရိုက်တာဝိုင်းနဲ့ ရိုက်ကူးနေတာပါ။

**မေး ။ ။ တခြား ဇာတ်ကားကြီး ရိုက်ဖို့ ရှိပါသလား။**

ဖြေ ။ ။ ဟိုက်ဘော့လို့ အမည်ရတဲ့ကားကြီးရိုက်ဖို့ ရှိပါတယ်။ ကိုဇော် (အာရုဏ်ဦး)နဲ့ ရိုက်မှာဖြစ်ပါတယ်။

သရုပ်ဆောင်နေတိုးဟာ မာမီရှိန်းဇာတ်ကားမှာ သရုပ်ဆောင်မှုအားကောင်းသလို ဇာတ်ရုပ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် လိုက်ဖက်စွာ သရုပ်ဆောင်နိုင်တာ တွေ့ရပါတယ်။ မိုးညအိပ်မက်မြူဇာတ်ကားမှာလည်း နေတိုးဟာ ပရိသတ်ပင့်သက်ဖြာအောင် သရုပ်ဆောင်ထားနိုင်ပြန်ပါတယ်။ ဒါ့ကြောင့် ဒီနှစ် အကယ်ဒမီပွဲမှာ ဘယ်သူတွေ ဆုရနိုင်သလဲလို့မေးရင် နေတိုးကိုလည်း ဆုရနိုင်တယ်လို့ ပရိသတ်တွေက ဖြေကြလိမ့်မယ် ထင်ပါတယ်။ ။

**(မြန်မာ့အလင်း)**

# မြန်မာ့ရေထွက်ပစ္စည်းဈေးကွက်အတွက် ဂုဏ်ယူစရာ EU ၂၇ နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ရရှိခဲ့

သတင်းမှတ်စု - မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - လှမိုး(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့၏ ဒွါဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်တို့က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

## တိုးတက်လာ

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားရာ၌ "၁၉၈၈ခုနှစ် စာရင်းအရ တစ်နိုင်ငံလုံး ငါးမွေးမြူရေးကန်ဧက ၆၃၀၀ ရှိခဲ့ရာမှ ယခု ၂၀၁၁ခုနှစ်တွင် ၂၁၇၈၃၅ ဧက ရှိလာသည့်အတွက် ၃၅ဆခန့် တိုးတက်လာကြောင်း။

## ငါးမြစ်ချင်း

၂၀၀၉ခုနှစ်ကစ၍ နိုင်ငံပိုင် ငါးလုပ်ငန်းစခန်းများက သာမက ပုဂ္ဂလိကစခန်းများကပါ ငါးမြစ်ချင်းငါး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ငါးမြစ်ချင်းငါး ပြည်ပသို့တင်ပို့မှု တန်ချိန် ၉၄၀၄၀ရှိခဲ့ကြောင်း။

## ပုစွန်မွေးမြူရေး

ပုစွန်မွေးမြူရေး အပိုင်းတွင် ၂၀၁၁ခုနှစ် စာရင်းအရ ရေချိုရေငန် ပုစွန်မွေးမြူရေး ဧကပေါင်း ၂၂၄၈၆၇ ဧကရှိလာသည့်အတွက် ပုစွန်မွေးမြူခြင်း စတင်ခဲ့သည့် ၁၉၉၁ ခုနှစ်က စာရင်း ၃၁၆၉ဧကနှင့် နှိုင်းယှဉ်လျှင် အနှစ် ၂၀ကာလအတွင်း မွေးဧကအဆ ၇၀ကျော် တိုးတက်လာကြောင်း။

## ငါးမျိုးစိုက်သွင်း

ကျေးလက်ဒေသစပါးခင်းများအတွင်း အခမဲ့ငါးမျိုးစိုက်သွင်းပေးခြင်းကို ၂၀၀၃ခုနှစ်ကစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀-၂၀၁၁ခုနှစ်စာရင်းအရ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ခုရှိ လယ်ယာမြေဧက ၁၅၉၀၀ အတွင်း ငါးသားပေါက်ကောင်ရေ ၇၉သန်း အခမဲ့ ထည့်သွင်းပေးခဲ့ကြောင်း။

## ပြည်ပတင်ပို့

ရေထွက်ပစ္စည်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် ၂၀၁၀-၂၀၁၁ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ပတင်ပို့မှုလျာထားချက်အနက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ ၆၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိစေသည့် ရေထွက်ကုန်ပစ္စည်းများမှာ ရေချိုရေငန် ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ပင်လယ်ရေမှော်အစရှိသည့် ကုန်ပစ္စည်းအမယ်များ ဖြစ်ကြောင်း။

## ထိပ်ဆုံးက ကဏန်းပျော့

ဈေးကောင်းရရှိသော ပြည်ပပို့ကုန်အမယ်သစ်များအနက် ကဏန်းပျော့သည် ထိပ်ဆုံးတန်းက ပါဝင်နေကြောင်း၊ မူလဆောင်ရွက်နေသည့် တနင်္သာရီတိုင်းဒေသကြီး၌သာမက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်ပါ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး၌ ကဏန်းမွေးမြူရေးရေပြင် ၄၆၂၆ ဧကအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၉ ခုနှစ် စာရင်းအရ ကဏန်းပျော့ ထုတ်လုပ်မှု ၁၆၂၉ တန် တင်ပို့နိုင်ခဲ့ကြောင်း။

## ပင်လယ်ရေမှော်

နိုင်ငံခြားဝင်ငွေ ဈေးကောင်းရရှိသည့် အမယ်သစ်များထဲ၌ ပင်လယ်ရေမှော်လည်း ပါဝင်ကြောင်း၊ ၂၀၁၀ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၌ ပင်လယ်ရေမှော်မွေးမြူဧက စုစုပေါင်း ၃၁၃ ဒသမ ၅ဧက မွေးမြူဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန် ၃ ဒသမ ၇၅သိန်း တင်ပို့နိုင်ခဲ့ကြောင်း။

## EU နိုင်ငံများသို့တင်ပို့ခွင့်ရရှိ

ရေထွက်ကုန်ပစ္စည်းများကို ကုန်သွယ်ဖက်နိုင်ငံများနှင့် EU နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် EU နိုင်ငံများသည် Food Safety ကို အလေးထားသည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းရန် ရေထွက်ကုန်ပစ္စည်းများကို SSOP, GMP, HACCP စနစ်များနှင့် ကိုက်ညီမှသာလက်ခံဝယ်ယူကြောင်း၊ ၂၀၁၀ ခုနှစ်အတွင်း မြန်မာ့ရေထွက်ပစ္စည်း ၁၃ ရုံကထုတ်လုပ်သည့် ရေထွက်ပစ္စည်းများမှာ EU Standard များနှင့် ကိုက်ညီသည့်အတွက် EU ၂၇ နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ရရှိခဲ့ကြောင်းကို သိရှိရကြောင်း၊ မိမိတို့ မြန်မာ့ရေထွက်ကုန် ပစ္စည်းဈေးကွက်အတွက် ဂုဏ်ယူစရာအချက်ပင်ဖြစ်ကြောင်း။

အလားတူ မြန်မာ့ပင်လယ်ပြင်ထွက်ကုန်များကို EU နိုင်ငံများသို့ တင်ပို့ရာတွင် IUU Catch Certificate ထုတ်ပေးခြင်းလုပ်ငန်းကို EU ကော်မရှင်က အသိအမှတ်ပြုအောင် ငါးလုပ်ငန်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း" ဖြင့် အကျယ်တဝင့်ပြောကြားသည်။ ။

**(သတင်းစဉ်)**

# ကုန်သည်/စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ သင်တန်းဖွင့်ပွဲနှင့် ဆင်းပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Office Management Course အပတ်စဉ်(၅)၊ Higher Certificate Course for Sales and Marketing အပတ်စဉ်(၁)၊ Certificate Course for Basic Japanese Language and Business Japanese Language အပတ်စဉ် (၁)၊ Computerized Accounting MYOB (Level II) အပတ်စဉ်(၃)၊ Computerized Accounting MYOB (Level III) အပတ်စဉ်(၂) သင်တန်းများဖွင့်ပွဲနှင့် Office Management အပတ်စဉ်(၄)၊ Certificate Course for Pratical Approach to International Trade အပတ်စဉ်(၂)၊ Certificate Course for Japanese Language Basic II and N3 အပတ်စဉ်(၁)၊ (၂)နှင့် Master of Ceremony အပတ်စဉ်(၂) သင်တန်းများဆင်းပွဲများကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အသင်းချုပ် ပထမထပ်ရှိ ခန်းမကြီး၌ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် အကျိုးဆောင် ကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်နွယ်က သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးသောင်းတင်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။ အဆိုပါသင်တန်းများသို့ သင်တန်းသားစုစုပေါင်း ၂၃၅ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁-၂၀၁၁**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မဂ္ဂင်ရှစ်ပါးတံတား** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၃၇)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၄)
၈:၄၀ ရန်ကုန်မြင်ကွင်းကျယ် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ ဆွမ်းကျွေးမင်္ဂလာအခမ်းအနား
၉:၁၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နယူးမော်ဒယ်လ်**
၉:၄၀ Sunday Talk [မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀:၁၅ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်လ်ပဲဆီသန့်ဦးစားပေး
၁၀:၃၅ ဗီဒီယိုပြခန်း
၁၁:၀၀ ဈေးဝယ်လမ်းညွှန် (လပြည့်ဝန်း)
၁၁:၃၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၁၁:၅၅ စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁၂:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Maxim Cookware Collection မိတ်ဆက်ပွဲအခမ်းအနား)
၁၂:၃၀ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်း၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အခမ်းအနား
၁:၀၀ **မဂ္ဂင်ရှစ်ပါးတံတား** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **အပေါင်းအသင်းများတာကောင်းတယ်၊ အပေါင်းအသင်းမများတာကောင်းတယ်**
၃:၄၀ ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၄)
၅:၀၀ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၃၈)
၈:၃၀ Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ) (အပိုင်း-၂)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ် (အပိုင်း-၁၀၅)**
၁၀:၁၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၂)
၁၀:၃၀ Barclays Premier League (Tottenham Vs Man U)
၁၂:၂၅ ဟိုတယ်လမ်းညွှန် (The Hotel Amara-NAY PI TAW)
၁:၀၀ စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
၁:၁၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁:၃၀ MFF'S 2010 AWARDS ဆုပေးပွဲအခမ်းအနား
၂:၀၀ စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၂:၁၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ…
၂:၂၀ ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်
၂:၅၀ ဘဝများ (ဝဏ္ဏခွာနီး)
၃:၁၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်းသိကောင်းစရာ
၄:၀၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၄:၃၀ လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်
၄:၄၀ တစ်နေရာတည်း ပြီးပြည့်စုံစေမှာ… Ginger
၄:၅၅ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်းများ |
|---|---|---|
| ၆:၂၅ | Birmingham - Aston Villa | ESPN (Live) |
| | Sunderland - Newcastle | Star Sports (Live) |
| ၈:၃၀ | Liverpool - Everton | ESPN (Live) |
| ၁၀:၃၀ | Tottenham - Man U | ESPN (Live) |

# ကွမ်းလုံ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ကွမ်းလုံ ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ တုံကျက်ကျေးရွာ၌ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်သက်၊ မြို့မိမြို့ဖ ဦးဖူကြာမုန်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

**လှူဒါန်း**

ထို့နောက် စာကြည့်တိုက်သို့ ခရိုင်ဥက္ကဋ္ဌ ဦးကျော်သက်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက အလှူငွေကျပ် ၅၈၀၀၀နှင့် စာအုပ်စာစောင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၃၀၀နှင့် တုံကျက်ကျေးရွာမှ ဦးလောက်ဖာက EVD ပြစက်တစ်လုံး လှူဒါန်းခဲ့ကြသည်။ အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၈ပေ (ရှေ့ကော်ရစ်တာပါ) အမြင့် ၁၂ပေ၊ သွပ်မိုး၊ အုတ်ကာအင်္ဂတေခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်း စုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးနှင့် ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက်နံနက် ၉ နာရီက ရန်ကင်း ပညာရေးကောလိပ် ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်ရွှေ(တင်အောင်ရွှေသုတေသီ) **(အပေါ်ပုံ)**နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား ဗဟို အလုပ်အမှုဆောင် ဦးကျော်ဝင်း (မနုဿ-ကျော်ဝင်း)တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ (၂၀၁၀)ခုနှစ် အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမြင့်ထယ် (ထီလာ စိုးမြင့်ထယ်)က ဖတ်ကြားသည်။

**ပြန်လည်ပေးအပ်**

ဆက်လက်၍ စာရေးဆရာများက စာပေဟောပြောကြပြီး မြို့နယ်စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော အလှူရှင်များအား မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

(၁၀၇)

# တာယာနှင့်ကျွတ် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

Flying Wheel Industrial Limited စပါးနံ့ တာယာစက်ရုံက EVERFLYING ကုန်အမှတ် တံဆိပ်ဖြင့် အသစ်ထုတ်လုပ်လိုက်သော မော်တော်ဆိုင်ကယ် တာယာနှင့်ကျွတ် ကုန်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေးမြို့ Hotel Mandalay စပယ်ဖြူခန်းမ၌ ကျင်းပရာ Flying Wheel Industrial Limited မန်နေဂျင်း ဒါရိုက်တာ ဦးစိန်ဝင်းမောင်က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ကုန်ပစ္စည်းအသစ်များအကြောင်းကို အရောင်းနှင့် ဈေးကွက်မန်နေဂျာ ဒေါ်ဝေနှင်းဖြူက EVERFLYING မော်တော်ဆိုင်ကယ်တာယာနှင့်ကျွတ်များကို အဆင့်မီ ပထမတန်းစား ရော်ဘာများကို အသုံးပြုထားပြီး ခိုင်ခံ့စွာ ပြုလုပ်ထားကြောင်း၊ နေရာဒေသနှင့် ဆိုင်ကယ် အမျိုးအစားများပေါ်မူတည်၍ အရွယ်အစားအမျိုးမျိုး၊ ပန်းအမျိုးမျိုးရှိကြောင်း၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများအဖြစ်နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ထားကြောင်း ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

ထို့နောက် မန္တလေးမြို့ စာပေပညာရှင်များ လူမှုကူညီရေး အစီအစဉ်သို့ Flying Wheel Industrial Limited က ငွေကျပ်တစ်သိန်း လှူဒါန်းသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

EVERFLYING မော်တော်ဆိုင်ကယ် တာယာနှင့် ကျွတ်များကို အမှတ် အေ-၄၊ ၈/၁ ပန်းခြံလမ်း စံပြစက်မှုဇုန်(၁)ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၅၃၂၇၂၊ ၀၂-၅၄၁၀၅နှင့် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၁၀၀၄၈၂ နှင့် ၀၁-၇၃၁၀၀၄၈၃ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**သာကေတမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၁ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်က အဆိုပါကျောင်း အင်ကြင်းခန်းမ၌ ကျင်းပရာ ဆဋ္ဌမတန်းမှ ပထမဆုရရှိသော မသက်ရွှေရည်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့် ဆုချီးမြှင့်စဉ်။**

(ပညာရေး)

# နိုင်ငံတစ်ဝန်း ၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်း မီးလောင်မှု ၆၄ ကြိမ်ဖြစ်ပွားခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် ၆၄ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး ၅၅ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ခြောက်ကြိမ်ပါဝင်ကြောင်း၊ အိမ်ခြေအဆောက်အအုံ ၆၄လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၂၀၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူသုံးဦးသေ၊ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၅၅ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှု အကြိမ်စုစုပေါင်း၏ ၈၅ဒသမ ၉၄ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှု အကြိမ်များကို ပြည်နယ်၊ တိုင်းဒေသကြီးများ အလိုက် ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီး၌ အကြိမ်အများဆုံး၊ နေပြည်တော်ခရိုင်နှင့် မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ရခိုင်ပြည်နယ်၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှု ၁၇ ကြိမ်အနက် ၁၅ ကြိမ်မှာ မီးဖိုမီး အပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်ကို တွေ့ရှိရကြောင်း သိရှိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြု တိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများစစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများဖြစ်ပွားနေကြောင်း၊ ယခုအခါ ကျေးရွာများ၌လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှ စတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘုရင့်နောင်ဈေးကြီး သွေးလှူဒါန်းပွဲကျင်းပ

*ရန်ကုန် ဇန်နဝါရီ ၁၅*

*မြို့တော် စည်ပင်သာယာရေး ကော်မတီ ဈေးများဌာနအောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် ဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို အဆိုပါ ဈေးကြီး မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီ ၈ ရက်က ကျင်းပရာ ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲကော်မတီ ဥက္ကဋ္ဌ ဦးလှအေး၊ အမျိုးသားသွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်တို့က အမှာစကားပြောကြားပြီး သွေးလှူဒါန်းပွဲကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။*

*ထို့နောက် သွေးလှူဒါန်းပွဲနှင့် အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဈေးသူ ဈေးသားများက အမျိုးသား သွေးလှူဘဏ်သို့ သွေးပုလင်းပေါင်း ၃၃၈ ပုလင်းနှင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၁၆၇၆၈၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။*

*(မြန်မာ့အလင်း)*

# ဈေးမီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်

**မင်းကင်း ဇန်နဝါရီ ၁၅**

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင်ဈေးအတွင်းရှိ မီးသတ်ရေကန်ကို ရေဖြည့်တင်းခြင်း၊ မီးဘေး ကာကွယ်ရေး ပစ္စည်းများ ဆောင်ရွက်ထားရှိခြင်းကို ဇန်နဝါရီ ၆ ရက်က အမှုဆောင်အရာရှိနှင့် ဈေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ်စည်ပင်)**

## ဆုချီးမြှင့်

**ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထက ဘုရားပျိုကျေးရွာ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ အဋ္ဌမတန်းမှ ပထမဆုရရှိသူ မချိုချိုလွင်အား ကျောင်းအုပ်ဆရာကြီး ဦးမြသိန်း ဆုချီးမြှင့်စဉ်။** (၁၂၉)

# သာယာဝတီမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

သာယာဝတီမြို့နယ် အသင်း (ရန်ကုန်)၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများနှင့်အတူ ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကျွန်းတောကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ နာယကများ၊ အသင်းဝင်များ၊ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ၂၀၁၁ ခုနှစ်တွင် အသက်(၇၅)နှစ်ပြည့်မည့် အသင်းဝင်များ၊ ၂၀၀၉-၂၀၁၀ပညာသင်နှစ် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ၊ လှူဒါန်းလိုသူ အလှူရှင်များသည် ဒုတိယဥက္ကဋ္ဌ ဦးသက်မော်ဦးဖုန်း-၀၉-၄၉၅၀၈၆၂၊ အတွင်းရေးမှူးဦးထွန်းမြတ် ဖုန်း-၀၉-၅၀၃၅၄၀၄ တို့ထံသို့ လည်းကောင်း၊ အသင်းရုံးခန်းတည်ရှိရာ အမှတ် ၉၅ ကုန္တာသယလမ်း ကျောက်မြောင်းသို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (၂၁၂)

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)။

■ ရွှေဖုံးမှ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာအတွေ့အကြုံရရှိရေးအတွက် ပြင်ဆင်သည့်အနေဖြင့် ယခုအခါ ကမ္ဘာ့မြားပစ် ထိပ်သီးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံမှ Gangwon-Do မြားပစ်အသင်းနှင့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ ပူးတွဲလေ့ကျင့်လျက်ရှိသည်။အဆိုပါ Gangwon -Do အသင်းမှာ ဇန်နဝါရီ ၁၁ ရက်မှ ၂၅ ရက်အထိ ကျိုက္ကဆံအမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ Gangwon-Do မြားပစ်အသင်းတွင် ဥက္ကဋ္ဌ ပါမောက္ခ Park Young IL ဦးဆောင်၍ အဖွဲ့ဝင် ၁၉ ဦးလိုက်ပါလာကြသည်။

အောင်မြင်မှုရရှိရေး ပြင်ဆင်နေသည့် မြန်မာမြားပစ်အဖွဲ့နှင့် ပတ်သက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)က ဤသို့ရှင်းပြသည်။ ""မိမိတို့မြန်မာမြားပစ်အဖွဲ့အနေဖြင့် (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန်ပြင်ဆင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့မြားပစ်ထိပ်သီးတောင်ကိုရီးယားနိုင်ငံမှ Gangwon-Do အသင်းအနေဖြင့် ပူးတွဲလေ့ကျင့်မှုတွေ လာရောက်ပြုလုပ်သည့်အတွက် မိမိတို့အတွေ့အကြုံကောင်းများ၊ နည်းစနစ်ကောင်းများ ရရှိပါကြောင်း၊ မိမိတို့မြားပစ်အဖွဲ့အနေဖြင့် ၂၀၁၀ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၂၃ ရက်အထိ တောင်ကိုရီးယားတွင် ယင်းအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့ သွားရောက်လေ့ကျင့်စဉ်က နေထိုင်စားသောက်စရိတ်များကို အကုန်အကျခံပေးခဲ့သလို ၎င်းတို့ လာရောက်လေ့ကျင့်ရာတွင်လည်း မိမိတို့က ကုန်ကျစရိတ်များ ကျခံပေးမည်ဖြစ်ကြောင်း"" ပြောကြားသည်။

**စီစဉ်ထား**

ဆက်လက်၍ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးက ""၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲမတိုင်ခင်လည်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ပြီး ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားရန်ရှိကြောင်း၊ အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလတွင် လေ့ကျင့်ရန်စီစဉ်နေပြီး ရွှေတံဆိပ်ရရှိနိုင်သည့် အားကစားသမားများကို စနစ်တကျစေလွှတ် သွားမည်ဖြစ်ကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ တစ်လကြိုပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဥက္ကဋ္ဌဦးတင့်ဆန်းတို့က သဘောတူထားပြီးဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် ချစ်ကြည်ရေးမြားပစ်ပြိုင်ပွဲ ကျင်းပရန် စီစဉ်ထားကြောင်း"" ပြောကြားခဲ့သည်။

**အစဉ်အမြဲတိုးတက်**

အမိနိုင်ငံတော်အတွက် ကမ္ဘာ့အဆင့်၊ အာရှအဆင့်နှင့် အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲအသီးသီးမှ ရွှေတံဆိပ် ၆၇ခု၊ ငွေတံဆိပ် ၇၂ခု၊ကြေးတံဆိပ် ၆၅ခုဖြင့် ဆုတံဆိပ် စုစုပေါင်း ၂၀၄ခု ရယူပေးထားသည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် နိုင်ငံ၏ဂုဏ်ကို ရွှေတံဆိပ်ရယူခြင်းဖြင့် မြှင့်တင်ပေးနိုင်ရန် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့လက်ရွေးစင်မြားပစ်အားကစားသမားများနှင့် တောင်ကိုရီးယားနိုင်ငံမှ Gangwon-Do မြားပစ်အသင်းတို့အား တွေ့ရစဉ်။

## နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

# အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းအတွက် လူငယ် ၄၀ အား ဥရုဂွေးသို့ စေလွှတ်မည်

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းအတွက် အားကစားသမားများအား လေ့ကျင့်ပေးရန် လူငယ်ဘောလုံးသမား ၄၀ ကို ရွေးချယ်ကာ ဥရုဂွေးနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်က ဇန်နဝါရီ ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

၎င်း ဘောလုံးသမားများသည် ဥရုဂွေးနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်စေရန်အတွက် ဇန်နဝါရီ ၂၀ ရက်တွင် လူရွေးချယ်မှုပြုလုပ်ပြီး ဇန်နဝါရီ ၂၃ ရက်၌ ဥရုဂွေးနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားဘောလုံး အဖွဲ့ချုပ်မှ ပြောကြားသည်။ ယခုရွေးချယ်မည့်ဘောလုံးသမားများမှာ အသက် ၁၇နှစ်မှ ၁၉နှစ်အတွင်း ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ပြည်နယ် ၁၂ ပြည်နယ်မှ ၁၉၉၃၊ ၁၉၉၄ခုနှစ်နှင့် ၁၉၉၅ခုနှစ်အတွင်း မွေးဖွားခဲ့သည့် လူငယ်ကစားသမား ၅၀၀၀အနက်မှ ၄၀ကို ရွေးချယ်ကာ စေလွှတ်ရန်စီစဉ်ခြင်းဖြစ်သည်။**(ယာပုံ) (အင်တာနက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဒိုက်ဦးမြို့နယ် မြို့မဈေးတွင် ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးကျော်သူ ဦးဆောင်သောဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာအောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့နယ် ဧရာရွှေဝါစက်သုံးဆီ အရောင်းဆိုင်တွင် ဇန်နဝါရီ ၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အတွင်းရေးမှူး ဦးအောင်ဟန်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ် ဈေးအတွင်းမီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရာတော် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှူး၊ မြို့နယ်ရဲစခန်းမှူးတို့နှင့်အတူ ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ် မင်္ဂလာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေစက်ရုံမှ ရေပိုက်သွယ်တန်းပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လက်ပံတန်းမြို့နယ်၊ ဆရာစံလမ်းနေ
ဦးကျော်ငွေး(မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်အေးအေးမြင့်(ထွေ/အုပ်)
တို့၏ တစ်ဦးတည်းသောသား
**ဗိုလ်ကျော်ကိုကိုလွင်**
**M.B., B.S (D.S.M.A)**
နှင့်
ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ မြန်မာ့မီးရထားအရာရှိရိပ်သာနေ
ဦးငွေးလှိုင်(အင်ဂျင်နီယာမှူး-မြို့ပြ)၊ တိုင်း(၆)၊ မြန်မာ့မီးရထား-
ဒေါ်မူမူသောင်းတို့၏သမီး
**မအိသက်ဇင်ဦး**
**A.G .T.I (Civil), B.Pharm**
နန်းသုခအောင်ဆေးဆိုင်၊ ပုဗ္ဗသီရိဈေး၊ နေပြည်တော်
တို့သည် ၁၅-၁-၂၀၁၁ရက်တွင် နှစ်ဖက်သောမိဘများရှေ့တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကျော်ကိုကိုလွင်-မအိသက်ဇင်ဦး။**

SKY NET SPORTS

| | | | |
|---|---|---|---|
| 17.1.2011(MON) | 12:30 AM | Almeria Vs Real Madrid | Sky Net Sports-1 (Live) |
| 17.1.2011(MON) | 2:30 AM | Barcelona Vs Malaga | Sky Net Sports-1 (Live) |
| 17.1.2011(MON) | 7:45 PM | Saudi Arabia Vs Japan | Sky Net Sports-2(Live) |
| 17.1.2011(MON) | 7:45 PM | Jordan Vs Syria | Sky Net Sports-2(Live) |
| 18.1.2011(TUE) | 7:45 PM | Australia Vs Bahrain | Sky Net Sports-2(Live) |
| 18.1.2011(TUE) | 7:45 PM | Korea Republic Vs India | Sky Net Sports-2(Live) |

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

ဇန်နဝါရီ ၃ရက်က အထက(၂) ပန်းဘဲတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရီက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်တံခွန်စိုက်ဆုရရှိခဲ့သော သတ္တမတန်းမှ မမေချမ်းမြေ့ရွှေစင်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

## ရောဝတီနှင့် မကွေး သရေကျ ရန်ကုန်ယူနိုက်တက် ပွဲဦးထွက် အနိုင်ရ

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် ➤

**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၁၁ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားကွင်းနဲ့ သုဝဏ္ဏအားကစားကွင်းတို့မှာ စတင်ကျင်းပရာ ရောဝတီယူနိုက်တက်နှင့် မကွေးတို့ ဂိုးမရှိ သရေကျသွားပြီး ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲစတင်ရရှိသွားပါတယ်။

**(အောင်ဆန်းကွင်း)**

**ရောဝတီယူနိုက်တက် - ဂိုးမရှိ**
**မကွေး F.C - ဂိုးမရှိ**

နှစ်သင်းစလုံး ခြေညီခဲ့ကြပါတယ်။ ရောဝတီယူနိုက်တက်က မင်းမင်းသူ၊ မကွေး F.C က ဂိုဒရီဂူတို့ရဲ့ ပြစ်ဒဏ်ဘော ကန်ချက်တွေကောင်းပေမယ့် နှစ်ဖက်ဂိုးသမားတွေ လက်စွမ်းပြကာကွယ်ခဲ့ကြလို့ ဂိုးမရခဲ့တာဖြစ်ပါတယ်။

**(သုဝဏ္ဏကွင်း)**

**ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး**
**နေပြည်တော် F.C - ဂိုးမရှိ**

**လူစားဝင်ကစား**

ရာသီကြိုပြင်ဆင်မှုတွေ အများဆုံး ပြုလုပ်ထားတဲ့ အသင်းနှစ်သင်းတွေ့ဆုံထားတဲ့ပွဲဖြစ်တာကြောင့် အခုပွဲဟာ စိတ်ဝင်စားစရာ ကောင်းခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အတွက် အနိုင်ဂိုးတွေကို ၂၆ မိနစ်မှာ ထောင့်ကန်ဘောကနေ ချာလက်စ်အိုဘီ၊ မိနစ် ၄၀ မှာ ပြစ်ဒဏ်ဘောကနေ ဂျူဗီနယ်တို့က ခေါင်းတိုက်သွင်းယူခဲ့တာပါ။ ရန်ကုန်အသင်းမှာ မျိုးမင်းထွန်း၊ ဂျူဗီနယ်၊ ဟန်ဆန်၊ ငွေးအောင်၊ ရာဇာဝင်းသိန်းတို့နဲ့ လူစုံပါဝင်ခဲ့ပြီး မိုင်းအိုက်နိုင်နဲ့ ခင်မောင်လွင် တို့ကတော့ ဒုတိယပိုင်းမှ လူစားဝင်ကစားခဲ့ပါတယ်။

**ယနေ့ပွဲ**

**အောင်ဆန်းကွင်း**

**မနောမြေ - ကမ္ဘောဇ**

**(သုဝဏ္ဏကွင်း)**

**ဆောက်သမ်းမြန်မာ- ဥဿာယူနိုက်တက်**

**ရောဝတီယူနိုက်တက်မှ မျိုးဇော်ဦး မကွေးနောက်ခံလူများကြားမှ ထိုးဖောက်စဉ်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ မြေနုလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ပုသိမ်ခရိုင်ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးကိုကိုလေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## နိုင်ငံတကာ အားကစားသတင်း

### ချယ်လ်ဆီးတို့အိမ်ကွင်း၌ နိုင်ပွဲရ မန်စီးတီးလည်း အမှတ်ပြည့်ရယူ

မောင်ချစ်ကြည် - ရေးသားသည်

**လန်ဒန် ဇန်နဝါရီ ၁၅**

ပရီမီယာလိဂ် ပွဲစဉ်များကို ဇန်နဝါရီ ၁၅ ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးနှင့် မန်စီးတီးတို့ နိုင်ပွဲများရရှိကာ အဖိုးတန်အမှတ်သုံးမှတ်အပြည့် ရရှိခဲ့ကြသည်။

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ ဒရော့ဘာ၊ အနယ်လ်ကာ၊ အက်ဆီယံ၊ လမ်းပတ်၊ တယ်ရီစသည့် အဓိကကစားသမားများကို ထုတ်သုံးခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်တွင် နောက်ခံလူ အီဗင်နိုဗစ်က ဘလက်ဘန်း ဂိုးဧရိယာအတွင်းမှ အနီးကပ်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး ရရှိခဲ့သည်။

**ရှုံးပွဲကြုံတွေ့**

ဘလက်ဘန်းတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာက ၇၆ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘလက်ဘန်းတို့ နှစ်ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

**ချယ်လ်ဆီးနှင့်ဘလက်ဘန်းတို့ ပွဲတွင် ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ် (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

**မန်စီးတီးနှင့် ဝုလ်ဗာ**

မန်စီးတီး အိမ်ကွင်း၌ အနိုင်ရအောင်ကစားနိုင်ခဲ့သည့် မန်စီးတီးအတွက် အဖွင့်ဂိုးကို မိနစ် ၄၀ တွင် တိုရေးက သွင်းယူပြီး ၄၉ မိနစ်၌ တီဗက်ဇ်၊ ၅၄ မိနစ်တွင် တိုရေးနှင့် ၆၆ မိနစ်၌ တီဗက်ဇ်တို့က သွင်းယူခဲ့ကြသည်။ ဝုလ်ဗာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ မီလီဂျက်စ်က သွင်းယူပေးခဲ့ပြီး ဒုတိယချေပဂိုးကို ၆၈ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒွိုင်လီက သွင်းယူပေးခဲ့သည်။

ဝုလ်ဗာအတွက် တတိယဂိုးကို ၈၆ မိနစ်၌ ဇူဘာက သွင်းယူပေးခဲ့သဖြင့် မန်စီးတီးက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အခြားပွဲရလဒ်**

**စတုတ် ၂ - ၀ ဘော်လ်တန်**
**ဝက်စ်ဘရွန်း ၃ - ၂ ဘလက်ပူးလ်**
**ဝီဂန် ၁ -၁ ဖူလ်ဟမ်**

(အင်တာနက်)

## အသည်းရောင်ရောဂါဆိုင်ရာ ဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အသည်းရောင်ရောဂါနှင့်စပ်လျဉ်း၍ နောက်ဆုံးပေါ် တွေ့ရှိချက်များနှင့် ကုသရေးဆိုင်ရာ ဆေးပညာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ အထူးကုဆရာဝန်များ၊ ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာအောင်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး Fortune Int'l Limited မှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်ခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပါမောက္ခဒေါက်တာသံစစ်က Future Therapy of Hepatitis C အကြောင်းကို လည်းကောင်း၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းရောဂါ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမြမြရီက Future Therapy of Hepatitis B, Unresolved Issues and Remaining Challenges အကြောင်းကိုလည်းကောင်း ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများဖြင့် နှီးနှောဖလှယ် ဟောပြောကြသည်။

ယင်းနောက် ဆေးပညာရှင် ဆရာဝန်ကြီးများက အသည်းရောဂါနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

**ပူးပေါင်းကျင်းပ**

အဆိုပါ ဆေးပညာနှီးနှောဖလှယ်ပွဲကို Unico Overseas Development Limited (Hong Kong) နှင့် Fortune Int'l Limited (Myanmar) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် မင်္ဂလာဒုံ၌ ပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ခင်အောင်၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၁၁ရက်က မင်္ဂလာဒုံမြို့နယ် အထက(၃) ထောက်ကြန့်၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သိန်းဝင်း(ဝဲပုံ)၊ မြို့နယ်တရားသူကြီး ဦးသိန်းလွင်၊ ရန်ကုန်(အနောက်ပိုင်း) မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က အိမ်သုံးမူးယစ်ဆေးဝါး အလွဲသုံးမှုအန္တရာယ်နှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (၁၁၃)

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင် စာမေးပွဲ

## သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဟာ အဆင့်မြင့်မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ် ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှု နက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာမှာ မေးခွန်းကြီး(၄)ပုဒ် မေးပါမယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ(၁၁)ဦးရဲ့ ဝတ္ထုတို(၁၁)ပုဒ်နဲ့ ပြဇာတ်(၃)ပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူ့အကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူ အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာ ဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။

ဇာတ်လမ်းဟာ ကျိုးကြောင်းဆက်စပ်နေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဇာတ်ဆောင်များက အဲဒီဖြစ်ရပ်မှာ ပါဝင်လှုပ်ရှားရသူတွေဖြစ်တယ်။ ကာလဒေသနောက်ခံဟာ ဒီဖြစ်ရပ်မှာ ဖြစ်ပျက်လှုပ်ရှားတဲ့ အချိန်ကာလ၊ နေရာဒေသနဲ့ လူမှုအခြေအနေတို့ ဖြစ်တယ်။ ဝတ္ထုရေးဆရာဟာ မိမိဆိုလိုတဲ့ အချက်အာဘော်ကို ထင်ရှားပေါ်လွင်အောင် ဝတ္ထုတိုနဲ့ ဖော်ပြတာဖြစ်တဲ့အတွက် ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးတဲ့အခါ ဝတ္ထုရေးဆရာရဲ့ အာဘော်ကို စာဖတ်သူနားလည်သွားမြဲ ဖြစ်တယ်။

ဝတ္ထုတိုများကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။ ဝတ္ထုအာဘော်ဆိုတာ ဝတ္ထုရေးဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြှုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်းတို့နဲ့ ဇာတ်လမ်းကို ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာ ဇာတ်လမ်းပါ ဇာတ်ဆောင်တွေကို အသက်ဝင်အောင်၊ စရိုက်သဘာဝ ထင်ရှားအောင် ဖန်တီးရေးဖွဲ့ကြတယ်။ ဇာတ်ဆောင်ရဲ့ပုံပန်း၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတို့ဖြင့် ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိကြတယ်။ နောက်ခံဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ပျက်ရာ အချိန်ကာလ၊ နောက်ခံဒေသတို့ကို ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ရေးဖွဲ့လေ့ရှိတယ်။ အရေးအဖွဲ့ဆိုတာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ ဖြစ်တယ်။ ရသနဲ့အသိအမြင်ဆိုတာ ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးနောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးရပြီး ဘယ်လိုအသိအမြင်မျိုးရတယ်ဆိုတာ လေ့လာရမှာဖြစ်တယ်။

အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုတစ်ပုဒ်ကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း ၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်သဖြင့် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်း အာဘော်ကို တွေ့နိုင်တယ်။ လူငယ်တစ်ယောက်ရဲ့ ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါမောင်ဘစီရဲ့ ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့ အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူ ဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာ ရေးတဲ့ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။ ဒီဝတ္ထုတိုမှာ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာ တွေ့ရမယ်။ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့ စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။

ပြဇာတ် (၃)ပုဒ်ကို လေ့လာတဲ့အခါ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင်ရေးဖွဲ့တဲ့ စာပေမျိုး ဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာ ပြဇာတ်ရဲ့ အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက် ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံသရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။ နမူနာအဖြစ် အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့ မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏ အာဘော်ကိုတွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ် ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါအရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း (၂)ကတော့ သံဝရပျို့ မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာအကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာအနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင် ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာ ဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများ စသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင် (၃)ဦး တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြဲလှချင်"

ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာနဖူးပေါ် လက်တင်ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရ ပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်"ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူ့အနားကို အလွယ်တကူကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇)ရက် ပုန်းနေလေ့ ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကို ကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွှန်းလျှင်သွားသို့"ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင်ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး ဆိုရိုးများအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများအလွန်ပါပါတယ်။ စကားများသည်ပင်လျှင် နောင်အခါဆိုရိုးများ၊ စကားပုံများဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တာဝါအပေါင်း ဆင်းရဲကြောင်း"ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိသော ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥသံချောင်"လို့ ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ကြက်ဥ ဆိုတဲ့အနေနဲ့ တင်စားပြီးသုံးစွဲခြင်း ဖြစ်ပါတယ်။

ဒီလိုပဲ "အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်"ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက်စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါက ကွန်ကိုကြဲပါ ဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူ ရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက "ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လာပြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ"စသည်ဖြင့် အဖွဲ့ကောင်းများကို

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

*စာမျက်နှာ ၁၅ မှအဆက်*

ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း (၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက် ဇာတ်ခန်းအလိုက် ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတ ရသ သင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ဗြဟ္မဒတ်မင်းကြီး၏ ဂုဏ်ရည်၊ အနှစ်သက်ဆုံး အခန်း၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ် ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သေသသော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်း မေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်း ပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့ အခြေခံကျတဲ့ ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း စတဲ့ ကဗျာတွေရဲ့ သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့ စပ်နည်းတွေ၊ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနဉာဏ်၊ လက်တန်းဉာဏ် စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာဖြစ်ပါတယ်။ မေးခွန်း(၃) ပိုဒ်ခွဲ(က)မှာ အဲဒီ ကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခု ဖြေရပါမယ်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ သာဓကပြရမယ် ဆိုရင်-

"အောင်ပင်နှင့် နန္ဒာ
ကြာစုံကမွေး။
တစ်ကန်ကို တစ်ကန်ဆက်ပါလို့
ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ်ဖွေး။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါ နဲ့ ကြာ၊ ဆက် နဲ့ ယက်၊ နှိုင်း နဲ့ လှိုင်း တို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွေး နဲ့ ဖွေးကတော့ ပိုဒ်ဆုံးကာရန် ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတိုအမှတ်အသား ပြရပါမယ်။ ပထမအချိုး "ကြာစုံကမွေး"ရဲ့ အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်တဲ့ "လှိုင်းကြက်ခွပ်ဖွေး" ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ မေးခွန်းမှာ အလျားလိုက် ဖော်ပြထားတဲ့ ကဗျာကို အဖြေမှာ သူ့ကဗျာပုံစံအတိုင်း ဒေါင်လိုက်ပြန်ရေးရပါမယ်။ အဲဒီလိုဖြေဆိုရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက်ပြုစုထားတဲ့ ပြဋ္ဌာန်းစာဖြစ်တယ်။

မေးခွန်း(၄) (က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ ဖြစ်တယ်။ (၈)ခု မေးထားပြီး (၅)ခု ဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့စာပေဆိုင်ရာ အချက်အလက်တွေကိုမေးပါမယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ အတွက် တိုတိုနဲ့တိတိကျကျ ဖြေရပါမယ်။ "ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း" လို့မေးထားရင် ဗုဒ္ဓဝင်ဝတ္ထု ဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်းလို့မေးရင် "မဟာဆန်ချင်သူ ပြဇာတ်"လို့ ဖြေရပါမယ်။ ဓားဝတ္ထုက လှုံ့ဆော်သောစိတ်ဓာတ်ကို ရေးပါဆိုရင် "အမျိုးသားရေး စိတ်ဓာတ်လို့" ဖြေရပါမယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့်မေးခွန်းတွေ ဖြစ်ပါတယ်။

မေးခွန်း(၄) (ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ခြုံငုံဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာ ဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများ အကြောင်းကို လေ့လာ တင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ်သမိုင်းနောက်ခံ ဝတ္ထုများအကြောင်းကို ဆွေးနွေးပါ။"ဆိုတဲ့ မေးခွန်းမျိုး ဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ် ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၄)အုပ်မှာ (၁)အုပ်ကို (၁)ပုဒ်မေးမှာ ဖြစ်ပါတယ်။ မေးခွန်းတွေကိုချန်ပြီး ခြွင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာ (၄)အုပ်ကိုလည်း ချန်ပြီး ခြွင်းပြီး ကျက်လို့မရပါဘူး။ (၄)အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင် အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

---


**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉က/၅၈၀၆၊ ၃ခ/၇၈၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးရန်မြင့်ရှု(ခ)ငွေးနိုင် ၁၃/နခန (နေ)၀၀၀၁၃၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ရွာသာကြီးရုံး)၊ ရန်ကုန်မြို့။**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် မကန/၅၁၃၂၇ Kenbo 125 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျာအောင် ၁/မကန (နိုင်)၁၃၆၃၄၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ပြည်နယ်ရုံး)၊ မြစ်ကြီးနားမြို့။**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် လက/၁၇၇၆ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်အောင်မျိုး ၂/လကန(နိုင်)၀၆၃၄၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ပြည်နယ်ရုံး)၊ လွိုင်ကော်မြို့။**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၃၀၀/ခ၊ မြေကွက်တည်နေရာအမှတ် ၃၀၀/ခ၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးစန်းမြင့် MMN-၀၁၆၁၁၃အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးစန်းမြင့်နှင့် ဒေါ်လုံးပု ကွယ်လွန်သဖြင့် (၁)ဦးစိန်မြင့် ၁၂/ဥကတ (နိုင်)၀၁၄၈၉၉၊ (၂) ဒေါ်စန္ဒာမြင့် ၁၂/ဥကတ(နိုင်) ၁၃၉၈၆၄၊ (၃)ဦးဇော်ထွန်း ၁၂/ဥကတ(နိုင်)၁၁၄၄၇၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် သားသမီးများထံမှ ကိုယ်စားလှယ်လွှဲစာ အမှတ် ၁၄၇၆/၁၀ / ၁၀-၁၂-၂၀၁၀ ဖြင့် ရရှိသူ GP ဦးမျိုးမင်းဦးက မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ထားဝယ်အသင်း**

**ပညာထူးချွန်ဆုများချီးမြှင့်ရန်လျှောက်လွှာခေါ်ယူခြင်း**

၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီးများ၊ ဂုဏ်ထူးလေးဘာသာနှင့်အထက် ရရှိသော အသင်းဝင်မဟုတ်သည့် ထားဝယ်ကျောင်းသားကျောင်းသူများ၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေးခံစားခွင့် လျှောက်ထားလိုသည့် အသင်းဝင်များ၏ သားသမီးများသည် အသင်းရုံးတွင် သတ်မှတ်လျှောက်လွှာပုံစံထုတ်ယူပြီး ၄-၂-၂၀၁၁ ရက် နောက်ဆုံးထား၍ အသင်းသို့အထောက်အထားများနှင့် တကွ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ပညာရေးကော်မတီ။**

**အိမ်ရောင်းမည်**

၁။ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမကြီး၊ ဇီဇဝါ အိမ်ရာရှေ့ရှိ မြေအကျယ်ပေ (၂၀×၆၀) ရေ၊ မီးအစုံ မြေအပြည့် အဆောက်အအုံ။

၂။ ပုသိမ်မြို့ အိုးဘိုတန်းရှိ အိမ်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၄၆၆၁၀၊ ၂၀၅၆၁၉။**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် မရ/၁၄၅၆၄၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှမူ ၅/ကလထ(နိုင်)၁၁၈၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (ခရိုင်ရုံး)၊ ကလေးမြို့။**

**ဂဏာသုဒ္ဓိဝိမလဆန်းသင်တန်းနည်းပြ**

**ဆရာမ-ဒေါ်စုစုလှိုင်**

ပညာဒါနသင်တန်း ၂၀-၁-၂၀၁၁ ရက်စပြီ

**စုံစမ်းရန်ဖုန်း-၅၇၃၁၉၂**

**(မဟာဝိဇယဘုရား အခန်းအမှတ် ၁-၂-၃)၊ ဖုန်း-၃၇၁၂၆၅။**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၅၀၊ မြေကွက်အမှတ် ၂၅/B၊ ဧရိယာ၀ဒသမ၀၃၈ဧကရှိ နှစ်၉၀ဂရန်မြေကွက်(အရပ်အခေါ်) ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်၄လမ်းနှင့် ၂လမ်းထောင့်၊ အမှတ်(၁၆/က)ဟု ခေါ်တွင်သောမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးလှိုင်ဟုတ် ၁၀/မလမ(နိုင်)၀၂၅၀၃၃၊ ဒေါ်ရှုလွမ် ၁၀/မလမ(နိုင်)၀၂၅၀၁၁တို့ ပိုင်ဆိုင်ပြီး မြေကွက်အား လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် လက်ခံသဘောတူညီ၍ ရောင်းဖိုးငွေအတွက် ၁၆-၁၂-၂၀၁၀ရက်က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ မော်လမြိုင်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၁၄-၁၂-၂၀၁၀ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၈/၂၀၁၀)အရ အမည်ပေါက်ပိုင်ရှင်များကိုယ်စား ဒေါ်ခင်ခင်လှ ၁၀/မလမ(နိုင်)၀၂၅၀၀၈ (ဘ) ဦးလှိုင်ဟုတ်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီးသည်အထိ လိုအပ်သည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းလွင်အောင်(ခ)ဦးဝင်းလွင်အောင်ချို** LL.B, D.B.L, D.M.L **တရားရုံးချုပ်ရှေ့နေ၊ ဘဏ်ရှေ့နေ(စဉ်-၆၈၂၇)**

**ဦးအောင်ဇော်မြတ် အထက်တန်းရှေ့နေ (စဉ်-၂၄၂၂၄)**

**အမှတ်၁၇၀ (ပထမထပ်)၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၃၇၃၃၊ ၀၉-၅၆၁၇၅၅၅၊ ၀၉-၈၀၃၄၉၃၇။**

**အများသိစေရန်ကြေညာချက်**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေဝင်းသော် (W/MDY-၃၄၅၅၅၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊၂၃/စုပေါင်း၊ သံသုမာလမ်း၊ အမှတ်(၅/၂) အခန်းသည် ဒေါ်မေဝင်းသော်နှင့် ၎င်း၏ခင်ပွန်း ဦးခင်မောင်သန်းတို့ အတူတကွ ဝယ်ယူပူးတွဲပိုင်ဆိုင်ခဲ့သော လက်ထက်ပွားပစ္စည်းဖြစ်ပါသည်။ ဦးခင်မောင်သန်းသည် ၂၇-၂-၂၀၀၇ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် တရားဝင်ဇနီးဒေါ်မေဝင်းသော်မှ နေအိမ်တိုက်ခန်းတစ်ခုလုံးကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခံစားခွင့်ရရှိလာပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်မေဝင်းသော် ခွင့်ပြုချက်မရှိဘဲ အထက်ပါအခန်းအား မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းလွင်အောင်(ခ)ဦးဝင်းလွင်အောင်ချို LL.B, D.B.L, D.M.L တရားရုံးချုပ်ရှေ့နေ(စဉ်-၆၈၂၇)**

**ဦးအောင်ဇော်မြတ်(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၄၂၂၄)**

**အမှတ် ၁၇၀ (ပထမထပ်)၊ ၃၇လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၃၇၃၃၊ ၀၉-၅၆၁၇၅၅၅၊ ၀၉-၈၀၃၄၉၃၇။**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(7-A)၊ မြေကွက်အမှတ် (၂၅-ည)၊ ဘိုးဘွားပိုင်မြေ၊ အကျယ်အဝန်း ၁ ဒသမ ၂၇၅ဧကအတွင်းမှ မြေအစိတ်အပိုင်းတစ်စိတ်တစ်ဒေသဖြစ်သော (၅၆×၉၂)ပေမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အိမ်အမှတ် ၂၄ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် တည်ရှိရာမြေကွက်အား ဦးလှိုင်သိန်း ၁၂/လမန(နိုင်)၁၂၃၂၈၂နှင့် ဒေါ်စန်းသိဂီအေး ၁၃/တကန(နိုင်)၀၀၁၉၆၄တို့က အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟုဆို၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေ၊ နေအိမ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်မာသော စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာမမ (LL.B, D.M.L. D.I.L)**

**တရားရုံးချုပ်ရှေ့နေ (စဉ်-၇၂၂၆)**

**အမှတ် ၄၄ (ပထမထပ်)၊ အခန်း ၁၀၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၁၁၅၆၈။**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဂန္ဓာမာလမ်း၊ မြေကွက်အမှတ် ၃၂၃၊ ပေ(၃၀×၅၀) နှစ် ၆၀ဂရန်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အုတ်ညှပ်အဆောက်အအုံနှင့် မြေကွက်အမှတ် ၃၂၂၊ ပေ(၃၀×၅၀) နှစ် ၆၀ဂရန်မြေကွက်(အလွတ်) တို့ကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်နန်းချိုချိုဝင်း ၃/ဘအန(နိုင်)၀၅၂၉၀၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါမြေကွက် နှစ်ကွက်နှင့် အဆောက်အအုံတို့တွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလွင်အောင်ဦး(LL.B, LL.M, Dip in Business Law, B.D.S)**

**ဒေါ်ဂျူလိုင်မောင်မောင်သန်း LL.B, D.I.L** **ဒေါ်ခင်သန်းထိုက် LL.B, D.I.L** **ဒေါ်သစ်သစ်မြင့်အောင် LL.B**

**အထက်တန်းရှေ့နေများ Lwin & Associates Law Firm**

**အမှတ်၁၄၂(ပထမထပ်)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊**

**ဖုန်း-၀၁-၇၃၀၅၀၇၃၄၊ ၀၁-၃၉၂၁၆၇၊ ၀၉-၅၀၉၃၈၇၀။**

**MPA မိသားစုမိတ်ဆုံညစာစားပွဲကျင်းပမည်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အသုံးချဘောဂဗေဒဌာန၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်း(MPA)မိသားစု၏ ပထမအကြိမ်၊ စုံညီ မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - **၂၉-၁-၂၀၁၁ရက် (စနေနေ့)**

**အချိန်** - **ညနေ ၆ နာရီ**

**နေရာ** - **DUSIT INYALAKE HOTEL**

**ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။**

| | | | |
|---|---|---|---|
| EMPA(1)BATCH | မှ | ဒေါက်တာငွေးဝင်း | ဖုန်း-၀၉-၅၁၇၆၅၃၆ |
| EMPA(2)BATCH | မှ | ဦးမောင်မောင်စိုး | ဖုန်း-၀၉-၈၀၃၁၄၃၁ |
| EMPA(3)BATCH | မှ | ကိုထွန်းထွန်း | ဖုန်း-၀၉-၈၀၃၃၄၇၀ |
| EMPA(4)BATCH | မှ | ဦးခင်မောင်သန်း | ဖုန်း-၀၉-၅၁၆၆၆၅၇ |
| EMPA(5)BATCH | မှ | ဒေါ်စန္ဒာမွေး | ဖုန်း-၇၃၀၇၇၇၃၇ |
| EMPA(6)BATCH | မှ | ကိုနန္ဒာလှမြင့် | ဖုန်း-၀၉-၅၁၆၅၂၃၅ |
| EMPA(7)BATCH | မှ | ဦးဝင်းသော် | ဖုန်း-၀၉-၅၁၃၆၉၇၈ |
| EMPA(8)BATCH | မှ | ဦးစိုးစိုးနိုင် | ဖုန်း-၀၉-၈၆၃၀၀၆၉ |
| EMPA(9)BATCH | မှ | ဦးစိုးနိုင် | ဖုန်း-၀၉-၅၂၀၀၅၈၄ |
| MPA(1)BATCH | မှ | ကိုသန့်ဇင် | ဖုန်း-၀၉-၅၁၄၂၂၅၇ |
| MPA(2)BATCH | မှ | ကိုမင်းသီဟ | ဖုန်း-၀၉-၅၀၅၆၉၂၇ |
| MPA(3)BATCH | မှ | ကိုဇော်မင်းစိန် | ဖုန်း-၀၉-၈၆၁၃၆၅၇ |
| MPA(4)BATCH | မှ | ကိုတင်ထွဋ်အေး | |
| MPA(5)BATCH | မှ | ကိုထွန်းအောင်လွင်ကြည် | |
| MPA(6)BATCH | မှ | မဒါလီစိန်ဝင်း | ဖုန်း-၀၉-၅၁၁၉၅၉၈ |
| MPA(7)BATCH | မှ | မအေးမြမြငြိမ်း | ဖုန်း-၀၉-၅၁၂၂၈၅၆ |
| MPA(8)BATCH | မှ | မမော်မော် | ဖုန်း-၀၉-၅၅၀၂၂၄၈ |
| MPA(9)BATCH | မှ | ကိုအောင်ကိုလတ် | ဖုန်း-၀၉-၅၁၈၇၁၇၂ |
| MPA(10)BATCH | မှ | ကိုဆန်းမင်းနိုင် | ဖုန်း-၀၉-၅၂၀၂၅၉၂ |
| MPA(11)BATCH | မှ | ကိုကျော်မြိုင် | ဖုန်း-၇၃၀၁၄၆၄၅။ |

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ပသ/၅၁၆၅၃ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကို ၁၄/မအန(နိုင်)၀၄၆၉၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (ခရိုင်ရုံး)၊ ဟင်္သာတ။**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ပခ/၅၀၇၈၀ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၇/တငန(နိုင်)၀၀၁၀၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန (ခရိုင်ရုံး)၊ တောင်ငူ။

**ကွာရှင်းပြတ်စဲခြင်း**

ကျွန်မ ဒေါ်မာလာထွန်း ၁/ဝမန (နိုင်)၀၄၀၅၁၁နှင့် ဦးသိန်းထိုက်ဦး ၅/ကဘလ(နိုင်) ၁၁၁၂၃၅တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် မြစ်ကြီးနားမြို့နယ်တရားရုံးရှိ ဒုတိယမြို့နယ်တရားသူကြီးရှေ့မှောက်၌ ၁၂-၁-၂၀၁၁ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**ဒေါ်မာလာထွန်း**

**၁/ဝမန(နိုင်)၀၄၀၅၁၁။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

## သရုပ်ဆောင်နေတိုးနှင့် လျှပ်တစ်ပြက်အင်တာဗျူး

➤ တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

မာမီရှိန်းဇာတ်ကားမှ နေတိုးနှင့် နန်းဆုရတီစိုးတို့၏ သရုပ်ဆောင်ဟန်။

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပရိသတ်တွေ နှစ်တိုင်းရင်ခုန်စွာ မျှော်လင့်စောင့်စားနေကြတဲ့ အကယ်ဒမီဆုချီးမြှင့်ပွဲ မကြာမီမှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ရင်ခုန်လှုပ်ရှားစရာကောင်းတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ကို နှစ်စဉ်ပြသပြီး ရုပ်ရှင်ဇာတ်ကားတွေအထဲမှ အကောင်းဆုံး ရုပ်ရှင်ကားတွေကို ရွေးချယ်ပြီး သက်ဆိုင်ရာက ဂုဏ်ပြုချီးမြှင့်တာဖြစ်ပါတယ်။ အနုပညာလောကသားတွေအတွက် ဂုဏ်ယူစရာပွဲဖြစ်သလို ပရိသတ်တွေအတွက်လည်း ရင်တဒိတ်ဒိတ်ခုန်ကြရမယ့်ပွဲလည်း ဖြစ်ပါတယ်။

ယခုနှစ် အကယ်ဒမီဆုကိုတော့ ၂၀၀၉ ခုနှစ်အတွင်း ရုံတင်

> "ဇာတ်ကားတိုင်းမှာ အကောင်းဆုံး ဖြစ် အောင် ကြိုးစားသရုပ်ဆောင်ထားပါတယ်"
>
> ရုပ်ရှင်သရုပ်ဆောင် နေတိုး။



ပြသခဲ့တဲ့ ဇာတ်ကားတွေထဲက ရွေးချယ်ချီးမြှင့်မှာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်ထဲမှာ စုစုပေါင်း ရုပ်ရှင်ဇာတ်ကားကြီး ၁၆ကား ရိုက်ကူးပြသခဲ့ပြီး အဲဒီ ၁၆ကားထဲကမှ အထူးချွန်ဆုံး ရုပ်ရှင်အနုပညာရှင်တွေနဲ့ ဇာတ်ကားကို ရွေးချယ်ပြီး ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။

### ပါဝင်သရုပ်ဆောင်

အမျိုးသား သရုပ်ဆောင် နေတိုး၊ အမျိုးသမီး သရုပ်ဆောင် စိုးမြတ်သူဇာနဲ့ အိန္ဒြာကျော်ဇင်တို့

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ထူးခြားသည့် ညအပူချိန်များ

၁၅-၁-၂၀၁၁

| | |
|---|---|
| ပင်လောင်းမြို့ ၁ ဒီဂရီစင်တီဂရိတ် | လားရှိုးမြို့ ၄ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ ၂ ဒီဂရီစင်တီဂရိတ် | နမ့်စန်မြို့ ၄ ဒီဂရီစင်တီဂရိတ် |

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

16-1 (20).pmd 1 1/16/2011, 2:44 AM

# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နေပြည်တော် - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်း (ငန်းစပ် - ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းနှင့် ၂၅၂ စင်းမြောက် ကျွဲရှင်းတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက် ဖောက်လုပ်ပြီးစီးခဲ့သည့် နေပြည်တော် - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်း (ငန်းစပ်-ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၁၇/၂)ရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ငန်းစပ်-ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ နေပြည်တော် - တောင်ညို-ချောင်းနက်-တောင် တွင်း ကြီး လမ်း (ငန်းစပ် - ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀အထက် ၂၅၂ စင်းမြောက် ကျွဲရှင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် တောင်ကိုရီးယားနိုင်ငံမှ **Gangwon - Do** မြားပစ်အားကစားသမားများ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နေကြစဉ်။

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး ပြင်ဆင်နေသော မြန်မာမြားပစ်အဖွဲ့

➢ သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း – စိုင်းရဲရင့် ➣

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပွဲအလီလီဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နေသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ၂၀၁၁ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

16-1 (01).pmd 1 1/16/2011, 2:44 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်)

# ကျန်းမာရေးအတွက် အသီးအရွက်များကို ပိုမိုစားသုံးပါ

လူတို့ကျန်းမာသန်စွမ်းကြံ့ခိုင်ရေးအတွက် နေ့စဉ်စားသုံးသော အစားအစာသည် အရေးပါလျက်ရှိသည်။ ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များ ပါဝင်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို စားသုံးသင့်ကြသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် အသီးအရွက်များကို စားသုံးမိပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ မိုက်နာခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်းစသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်သည်။

ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစားအသောက်ထဲတွင် မပါဝင်ရန် သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီးမှ စားသုံးသင့်သည်။

ယခုအခါ သီးနှံများကို စီးပွားဖြစ် တွင်ကျယ်စွာ စိုက်ပျိုးလာကြရာ သီးနှံဖြစ်ထွန်းရေးအတွက် ဓာတ်မြေသြဇာများကို အသုံးပြုရာတွင် ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြမှသာ စားသုံးသူများအတွက် အန္တရာယ်ကင်းမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက် အသီးအနှံများ စိုက်ပျိုးစားသုံးခြင်းသည် ငွေကုန်သက်သာပြီး ကျန်းမာရေးနှင့် ညီညွတ်သည်။ "အစာလည်းဆေး ဆေးလည်းအစာ" ဟူသောစကားအရ အစားအစာများကို အာဟာရမျှတစွာနှင့် နေ့စဉ်ပုံမှန်စားသုံးခြင်းသည် ခန္ဓာကိုယ် ကျန်းမာရေးအတွက် ဆေးဖြစ်စေသည်။

မိမိတို့၏ အိမ်၊ မြေ၊ ခြံတို့တွင် ဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါက လတ်ဆတ်သော အသီးအရွက်များကို စားသုံးကြရမည်ဖြစ်ပြီး မိသားစုအတွက် ငွေကုန်သက်သာမည် ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းသည် ဟင်းသီးဟင်းရွက် အသီးအနှံများကို စိုက်ပျိုးစားသုံးကြပါက ဝင်ငွေလည်းရ ဝမ်းလည်းဝမည်ဖြစ်ပြီး ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဘဏ္ဍာ/အခွန်ဝန်ကြီးဦးလှထွန်းအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Takashi SAITO သည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

**တက်ရောက်**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၇ ရက်က တာမွေမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက အသက် ၇၅ နှစ်ပြည့် အဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအားထောက်ပံ့ငွေပေးအပ်ပွဲတွင်တာဝန်ရှိသူတစ်ဦးက၇၅ နှစ်ပြည့် အဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

# ကျေးလက်ရေပေးရေး အဝီစိတွင်းတူးဖော်

**သထုံ ဇန်နဝါရီ ၁၅**

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက် ရေပေးရေးလုပ်ငန်းဖြစ်သော ဓနုကျေးရွာတွင် အချင်း နှစ်လက်မရှိ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်းကို လုပ်ငန်းကြီးကြပ်ရေး အင်ဂျင်နီယာ ဦးထွန်းမင်းဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အဝီစိတွင်းပြီးစီးမှုနှင့် ရေစက်ရုံတည်ဆောက်နေမှုအခြေအနေကို ဒီဇင်ဘာ ၂၆ ရက်က အင်ဂျင်နီယာမှူး ဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

# အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲ သံတွဲမြို့နယ်၌ ကျင်းပရောင်းချ

**သံတွဲ ဇန်နဝါရီ ၁၅**

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၇ နာရီက သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ရခိုင်ပြည်နယ် စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဦးသန်းအောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

**ရောင်းချလျက်ရှိ**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် တာဝန်ရှိသူများက ဈေးပွဲတော်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါဈေးပွဲတော်ကို ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မီး အစဉ်သတိပြု

# ကြက်ငှက်တုပ်ကွေးနှင့် ဝက်ရောဂါစူးစမ်းရှာဖွေရေး မှော်ဘီ၌ လုပ်ငန်းစီမံချက်ဆိုင်ရာ စည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေး ရောဂါစူးစမ်းရှာဖွေလေ့လာရေးနှင့် ဝက်ရောဂါစူးစမ်းရှာဖွေရေး လုပ်ငန်းစီမံချက်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက မှော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင် အမှာစကားပြောကြားသည်။ **(ယာပုံ)**

**ဆွေးနွေး**

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါက်တာမြင့်ဆွေက ဝက်ရောဂါ စူးစမ်းရှာဖွေရေး လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ လည်းကောင်း၊ မှော်ဘီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်နွဲ့ရီက $H_5N_1$ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးနှင့် ဝက်ရောဂါစူးစမ်းရှာဖွေရေးလုပ်ငန်း စီမံချက်နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော မွေးမြူရေးလုပ်ငန်းရှင်များက သိလိုသည့် အချက်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

***ရန်ကုန် ဇန်နဝါရီ ၁၅***

*ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၀ခုနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ်မွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောက်ဖြူဒေသခံများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၁၀ခုနှစ် အသင်းဝင်များ၏တက္ကသိုလ်ဝင်စာမေးပွဲအောင် သားသမီးများသည် ပညာသင် ထောက်ပံ့ကြေးလျှောက်ထားလိုပါက ဇန်နဝါရီ ၃၁ ရက်(တနင်္လာနေ့) နောက်ဆုံးထားပြီး ဒုတိယဗိုလ်မှူးကြီးခင်အေး(ငြိမ်း)ဖုန်း-၀၉-၅၂၀၁၇၈၈၊ ဦးကျော်လင်း ဖုန်း-၇၃၀-၀၁၉၈၈၊ ဦးသန်းငွေအုန်း ဖုန်း-၅၆၃၀၄၄၊ ဦးတင်ထွန်း ဖုန်း-၃၈၀၈၃၆၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၆၉၈၀၈၊ ဒေါ်ခင်ခင်ဖြူ ဖုန်း-၅၄၃၄၁၅နှင့် ဒေါ်ခင်လှမြိုင် ၀၉-၅၀၃၉၂၅၅တို့ထံသို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

## မိုးစပါးအထွက်နှုန်း မှန်ကန်ရေး ပွင့်ဖြူမြို့၌ စံကွက်ရိတ်သိမ်း

ပွင့်ဖြူ ဇန်နဝါရီ ၁၅

ပွင့်ဖြူမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၁ နာရီက ကံသာကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၈၉၅) ရွာသာယာအနောက်ကွင်း ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ ၂ ဒသမ ၁၅ ဧကရှိ တောင်သူ ဦးတင်ထွန်း၏ ဧရာမင်းစပါးမျိုးစိုက်ခင်း၌ ကျင်းပရာ စံကွက်ရိတ်သိမ်းပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းရုံးချုပ် (နေပြည်တော်)မှ စာရင်းအင်းညွှန်ကြားရေးမှူး ဦးအေးမောင်စိန်၊ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးလှဌေး၊ အတွင်းရေးမှူး ဦးခင်အောင်၊ မြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးသံဒိုင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ချစ်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ကံသာကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် တောင်သူများ ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

**ထွက်ရှိ**

အဆိုပါ စံကွက်ရိတ်သိမ်းရာ၌ တစ်ဧက စပါးအထွက်နှုန်း (သင့်) အဖြစ် ၇၅ ဒသမ ၉၇ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Junhua နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံ ရေကြောင်းဆိုင်ရာကိစ္စရပ်များ၊ လေကြောင်းဆိုင်ရာကိစ္စရပ်များနှင့် မိုးလေဝသနှင့် ဇလဗေဒနှင့်သက်ဆိုင်သော မြေငလျင်လှုပ်ရှားမှုတိုင်းတာရေး၊ကွန်ရက်စနစ်ထူထောင်ရေး၊ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစခန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်ကိရိယာများ တပ်ဆင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖြူးမြို့၌ စာပေဟောပြော

ဖြူး ဇန်နဝါရီ ၁၅

ဖြူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၂ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ကို ဒီဇင်ဘာ ၂၇ ရက် ည ၇ နာရီက ဖြူးမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး(ဖြူးမြင့်ဦး)က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာကို စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်းရွှေအင်း)က ဖတ်ကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဖြူးမြို့နယ် မြန်မာစာဂုဏ်ထူးရှင် မလှပိုးဖြူ၊ တက္ကသိုလ်ဝင်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူ ကျောင်းသားကျောင်းသူ ငါးဦးနှင့် ပြင်ပ စာပေဝါသနာရှင် ဝတ္ထုတိုပြိုင်ပွဲတို့၌ ဆုရရှိကြသူ လေးဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း**(ဝဲပုံ)**နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဟောပြော**

ထို့နောက် စာရေးဆရာ မော်ဝန်းကြည်မြတ်နှင့် နန္ဒာမိုးကြယ်တို့က စာပေရေးရာများကို ဟောပြောကြကြောင်း သိရှိရသည်။

(ဝ၅၁)

## တောင်ဥက္ကလာ အထက(၂) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

တောင်ဥက္ကလာပမြို့နယ် အထက (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း သီရိမြန်မာခန်းမ၌ ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာ ဆရာမကြီးများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်စံစံ ဖုန်း-၅၆၃၃၃၇၊ ကိုလှဝင်း ဖုန်း-၇၃၀-၀၀၆၈၆၊ကိုဇော်ဝင်း ဖုန်း-၅၇၃၀၉၄၊ ၀၉-၅၀၉၇၇၆၈၊ ကိုဝင်းလှိုင် ဖုန်း-၇၀၀၀၂၆၊ မခင်ငြိမ်းမိုး ဖုန်း-၇၃၀-၇၇၁၃၁၊ မယဉ်ယဉ်နွဲ့ ဖုန်း-၅၇၀၈၅၇၊ ၀၉-၅၁၃၂၃၅၅နှင့် ကိုမြင့်ဇော် ဖုန်း-၇၃၀-၀၀၆၁၆တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၁၁၉)

## ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် မဂ္ဂဇင်းနှင့်ပြခန်းတို့အတွက် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုနှင့် ဓာတ်ပုံများပေးပို့ရန် ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၁၅

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၁ ခုနှစ် ဧပြီ ၇ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် Combating Antimicrobial Resistance ကို ရွေးချယ်ထားပြီး မြန်မာဘာသာဆောင်ပုဒ်အဖြစ် ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်း တိုက်ဖျက်စို့ဟု ရွေးချယ်သတ်မှတ် ပြန်ဆိုထားသည်။

**ပေးပို့နိုင်**

ယင်းအထိမ်းအမှတ်ဆောင်ပုဒ်ကို အခြေခံ၍ ကမ္ဘာ့ကျန်းမာရေးနေ့ မဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုများကို ရေးသားပေးပို့ကြပါရန်၊ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်း၌ အသုံးပြုနိုင်ရန် ဓာတ်ပုံများကို CD ဖြင့် ပေးပို့ကြပါရန်နှင့် စာမူများနှင့် ဓာတ်ပုံများကို မတ် ၁ ရက် နောက်ဆုံးထား၍ နေပြည်တော် ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဒုတိယညွှန်ကြားရေးမှူးထံ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုင်းဆတ်မြို့၌ ကလေးပြိုင်ပွဲ ဆုချီးမြှင့်

မိုင်းဆတ် ဇန်နဝါရီ ၁၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို မိုင်းဆတ်မြို့၌ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ရုံး သီရိရတနာခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မိုင်းဆတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက အမှာစကား ပြောကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် စံပြမိခင်ဆု၊ မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခြောက်လ ကလေးပြိုင်ပွဲ ဆုရရှိသူများအား အမှတ်တရဆုများကို ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမျိုးအေး၊အတွင်းရေးမှူး ဒေါ်နုဝါလှိုင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြကြောင်း သိရှိရသည်။

**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

## နွေစပါး တိုက်ရိုက်အစေ့ချစိုက်ပျိုးပွဲ ဇီးကုန်းမြို့နယ်၌ ကျင်းပ

ဇီးကုန်း ဇန်နဝါရီ ၁၅

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် နွေစပါးစိုက်ပျိုးသည့် ဝက်စပိုးကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၃၆၃) ဦးပိုင်အမှတ်(၁၇) တောင်သူ ဦးစိုင်းကို၏ လယ်မြေနှစ်ဧက၌ MR-9 မျိုးစပါးကို တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် ကြိုးတန်းဆွဲစိုက်ပျိုးနည်း သရုပ်ပြပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးမျိုးမြင့်က နွေစပါးစိုက်ပျိုးနည်းစနစ်များကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ ဦးဝိစာရအိမ်ရာ တိုက်(၂၁/၄)နေ နှစ်ဖက်အဘိုးအဘွားများနှင့် ဖခင် ဦးအေးမောင်၊ မိခင် ဒေါ်တင်ယုံတို့အား ရည်စူး၍ သမီး ဒေါ်အေးအေးမြင့် (ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြေး မမိုးမိုးတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေ အမေရိကန်ဒေါ်လာ ၂၅၀ လှူဒါန်းရာ နာယကဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီမြင့်တို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)